ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-12-2010) (မြေ၂၀)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံးစုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အမွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာန ကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည် အားထုတ်လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသား အားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဂီတလောကအကျိုး၊ မိမိအကျိုးကို ဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်အကျိုးကိုလည်း လက်တွဲဖော်ဆောင် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက် မတိမ်ကောရေးအတွက်လည်း ဂရုပြုဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ဒုတိယအကြိမ် အသက်(၈၀)နှင့်အထက် သက်ကြီး ဂီတ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာ စကားပြောကြားကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ အလှူရှင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှု ဆောင် ဦးအောင်သိန်းလင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ နိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ တာဝန် ရှိသူများနှင့် စာပေလောကသားများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ရုပ်ရှင်အနုပညာရှင်များ၊ မြန်မာနိုင်ငံ ဂီတအစည်း အရုံးဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဂီတလောကသား အဆိုတော်များ၊ တေးရေးပညာရှင်များ၊ တီးဝိုင်း အဖွဲ့သားများ၊ တေးဂီတထုတ်လုပ်သူများ၊ မြန်မာ နိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ သက်ကြီးဂီတပညာရှင်များ၊ ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေး ကော်မတီဝင် များ၊ အနုပညာနှင့် ဆက်စပ်နေသည့် ကုမ္ပဏီ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ဂီတကို လေးစားမြတ်နိုးတန်ဖိုးထားကြသည့် ပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြား ရာ၌ အသက်အရွယ်အရ၊ ပညာအရ၊ ဂုဏ်အရ ကြီးမြင့်သည့် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲအား ကျင်းပခြင်းသည် မြန်မာ တို့၏ မိရိုးဖလာဓလေ့ထုံးစံအရ ကောင်းမြတ် သည့် အစဉ်အလာကို ထိန်းသိမ်း ဆောင်ရွက်ခြင်း ဖြစ်သည့်အပြင် **စာမျက်နှာ ၉ ကော်လံ ၁ သို့**❁

ပြန် ကြား ရေး ဝန်ကြီး ဌာန ဝန်ကြီး ဦးကျော်ဆန်း သက်ကြီးဂီတ ပ ညာ ရှင် များ ပူဇော် ကန် တော့ ပွဲ အတွက် ပြန်ကြားရေး ဝန်ကြီး ဌာ န မှ လှူဒါန်းငွေ ကျပ် ငါးသိန်း ကို မြန်မာနိုင်ငံ ဂီတ အစည်း အရုံး (ဗဟို) ဥက္ကဋ္ဌဦးမောင် မောင်လတ်ထံ ပေး အပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက် စုံ ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ် ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး နှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေး

လူတိုင်းသက်တမ်းစေ့ အသက်ရှည်ကျန်းမာနေနိုင်ရေး အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး ထိုးနှံပေး

သတင်း ဆောင်းပါး ကျော် ဧယျာ မြင့်

ဥပဒေကျောင်းသားဟောင်းများ တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲသို့ တစ်နှစ် တစ်ခါ ရောက်ဖြစ်သည်။ ဥပဒေကျောင်းသားဟောင်းများ ဆိုသော်လည်း အခြား မေဂျာစုံ ကျောင်းသားဟောင်းများလည်း တက်ရောက်ကြသည်ကို တွေ့ရသည်။

ထိုတွေ့ဆုံပွဲတွင် သူငယ်ချင်းဆရာဝန်တစ်ဦးနှင့် နှုတ်ဆက်သည့်စကား ပြောကြားပြီးနောက် စကားစမြည် ပြောဖြစ်သည်။ "မင်း. . . ဘီပိုး ကာကွယ်ဆေး ထိုးပြီးပြီလား"။ ကျွန်တော်က "ဘာလို့ ထိုးရမှာလဲ၊" **စာမျက်နှာ ၉ ကော်လံ ၁ သို့**❖

၂၂-၁၂-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

တောင်ပေါ်ဒေသ ရထားလမ်းသစ် တိုးချဲ့ဖွင့်လှစ်

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်သွယ်သွားလာမှုလွယ်ကူခြင်းဖြင့် ကုန်သွယ်စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ တိုင်းရင်းသားလူမျိုးအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာမည်။ ရင်းနှီးချစ်ခင် စည်းလုံးညီညွတ်မှုလည်း ပိုမိုခိုင်မာရရှိလာမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ နိုင်ငံမြောက်ဖျားရှိ ပူတာအိုမှသည် တောင်ဘက်ဖျားရှိ ကော့သောင်းမြို့အထိ ဆက်သွယ်သွားလာနိုင်ကြပြီ။ နိုင်ငံအရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့တို့မှ အနောက်ဘက်ဖျားရှိ စစ်တွေမြို့အထိ မော်တော်ကားဖြင့် ရာသီမရွေး သွားလာနိုင်လျက်ရှိသည်။

မြစ်ချောင်း၊ တောင်တန်း သဘာဝမြေပြင်အနေအထား ကန့်သတ်ချက်များကို ကျော်ဖြတ်၍ မော်တော်ကားလမ်းသစ်များ၊ တံတားသစ်များကို ဖောက်လုပ်တည်ဆောက်နေသည်။ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ ရိုးမဖြတ်ကျော် ကားလမ်းများသာမက ရထားလမ်းသစ်များကိုပါ ဖောက်လုပ်လျက်ရှိရာ တောတောင်လျှိုမြောင်ထူထပ်သည့် ပဲခူးတိုင်းဒေသကြီး၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းနေပြည်သူများ ကူးသန်းဆက်သွယ်သွားလာရန် လွယ်ကူနေကြပေပြီ။

နယ်မြေဒေသအသီးသီးရှိ သယံဇာတများနှင့် ဒေသထွက်ကုန်အများအပြားကို ဈေးကွက်ရှိရာသို့ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်ခြင်းသည် ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုတွင် များစွာအရေးပါသည်။ မြန်မာ့မီးရထားက ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်နေသည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ရထားလမ်းများ၊ ရိုးမဖြတ်ကျော်ဖောက်လုပ်ထားသည့် ရထားလမ်းများ ပါဝင်သည်။ ဒေသခံပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရေးအတွက် ပြီးစီးနေသည့် ရထားလမ်းပိုင်းအချို့ကို ဖွင့်လှစ်ပေးလျက်ရှိသည်။

မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်နေသည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းကို ဒီဇင်ဘာ ၁၉ ရက်က ဖွင့်လှစ်လိုက်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၆၀၀ ကျော်ရှိ ရှမ်းရိုးမတောင်ပေါ်ဒေသတွင်ရှိရာ ရထားစက်ခေါင်းနှင့် ရထားတွဲများကို မြန်မာ့မီးရထားမှ ကာယ ဉာဏလုပ်သားများနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၏ ပူးပေါင်းကူညီမှုဖြင့် သယ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ယခုဖောက်လုပ်ဆဲ မိုင်၂၀၀ ကျော်ရှည် မိုးနဲ-ကျိုင်းတုံ ရထားလမ်းကြီး ပြီးစီးသွားပါက ဒေသထွက်ကုန်များကို လျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်ပေတော့မည်။ နိုင်ငံတစ်ဝန်း၌ ရထားလမ်းသစ်များ ဆက်လက်ပေါ်ထွက်လာမှုနှင့်အတူ ဒေသစီးပွားဖွံ့ဖြိုး ကုန်စည်ပို့ဆောင်သွားလာမှုများ ပိုမိုမြန်ဆန် တိုးတက်ကောင်းမွန်ဝေစည်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်တွေမြို့ ဖောင်တော်ဦးဆိပ်ကမ်းလုပ်ငန်းများနှင့် စစ်တွေလေဆိပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ဦးဆိပ်ခံတံတားသို့ ရောက်ရှိပြီး ဂီရိမုန်တိုင်းဒဏ်သင့်ဒေသရှိ ပြည်သူများအတွက် သင်္ဘောဖြင့် ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများကို ကုန်တင်သင်္ဘောပေါ်မှ တင်/ချဆောင်ရွက်နေမှု၊ ဖောင်တော်ဦးဆိပ်ခံတံတား ကြံ့ခိုင်မှု၊ ရေယာဉ်များ ဝင်/ထွက်သွားလာနေမှုနှင့် ကုလားတန်မြစ် ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးတို့သည် စစ်တွေလေဆိပ်သို့ သွားရောက်၍ လေယာဉ်သွားလမ်း၊ လေယာဉ်ပြေးလမ်း၊ လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နားရာနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်အောင်မြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ငွေးချောင်းခံတပ် (ကွေ့ချောင်းခံတပ်) ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်သည် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၏ မြောက်ဘက် ၁၂ မိုင်အကွာရှိ ဗိသနိုးရှေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိပြီး ပြတိုက်ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပျူလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ ပန်း ၁၀မျိုးနှင့် ဗိသုကာလက်ရာများကို ဖော်ပြနိုင်သော ဝတ္ထုပစ္စည်းများကို စနစ်တကျ ခင်းကျင်းပြသခြင်းဖြင့် ပြတိုက်သို့လာရောက်ကြည့်ရှုသူများအနေဖြင့် ပျူလူမျိုးများ၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခမ်းနားမှုကို သိမြင်လာစေအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ဗိသနိုးမြို့ဟောင်းရှိ တူးဖော်ထိန်းသိမ်းထားသော သာသနိကအဆောက်အအုံများ၊ လူနေအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၍ တူးဖော်တွေ့ရှိသော အဆောက်အအုံ အကြွင်းအကျန်များကို ပြုပြင်ထိန်းသိမ်းပြီး တူးဖော်မှုဆောင်ရွက်နေစဉ် အတူတွေ့ရှိသော ရှေးဟောင်းပစ္စည်းများ၊ အိုးအင်ခွက်ယောက်များကိုပါ တွေ့ရှိသည့်နေရာတွင်ထားရှိကာ Site Museum များ သဖွယ် အမိုးအကာ ပြုလုပ်ထားရှိပါက လာရောက် ကြည့်ရှုလေ့လာသော ပြည်တွင်းပြည်ပ ဧည့်သည်များအနေဖြင့် ပိုမိုသိမြင် သဘောပေါက်လွယ်ကူစေမည်ဖြစ်၍ စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် ကွေ့ချောင်း (ငွေးချောင်း) ရွာအနီး ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပါး၌ တည်ဆောက်ထားသော ငွေးချောင်းခံတပ်(ကွေ့ချောင်းခံတပ်)သို့ သွားရောက်၍ ငွေးချောင်းခံတပ်၏ လက်ရှိအခြေအနေ၊ ပြုပြင်ထိန်းသိမ်းရန်လိုအပ်မှု၊ ဧရာဝတီမြစ်ရေတိုက်စားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန် မှာကြားသည်။

ငွေးချောင်းခံတပ်ကို ခရစ်နှစ် ၁၈၆၀ ခုနှစ်တွင် ပြင်သစ်နှင့် အီတလီနိုင်ငံမှ ရေကြောင်းစစ်ဘက် ပညာရှင်များဖြစ်သော ကွန်မိုတိုနှင့် မိုလီနာရီတို့ ကြီးကြပ်၍ နိုင်ငံခြားပြန် မြန်မာလူငယ်အင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ကာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ တောင်ကိုထွင်း၍ မြေအောက်ခံတပ်အဖြစ် တည်ဆောက်ခဲ့ကြောင်း၊ ဧရာဝတီမြစ်အတွင်းမှ ခံတပ်ကို မမြင်နိုင်ဘဲ သာမန်ကမ်းပါးတောင်ကုန်းဟု ထင်မှတ်ရအောင် အုတ်ရိုးတန်းများ ကာရံထားသော မြေကတုတ်လေးဆင့်ဖြင့် ပြုလုပ်တည်ဆောက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ မင်းလှခံတပ်သို့ သွားရောက်ပြီး ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ပြိုပျက်ခြင်းမရှိစေရန်အတွက် ကြိုတင်ကာကွယ်ထိန်းသိမ်းသွားရန်နှင့် မိုးစိမ့်ယိုနေသော အစိတ်အပိုင်းများကို အမြန်ဆုံးပြုပြင်ထိန်းသိမ်းရန် မှာကြားသည်။ ထို့နောက် ရှေးဟောင်းခံတပ်များအား ဧရာဝတီမြစ်ရေ တိုက်စားမှုအခြေအနေကို သိမြင်နိုင်ရန်၊ မြစ်အတွင်းမှ ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကမ်းပါးကျောက်ရိုးစီ၍ ကာကွယ်ထိန်းသိမ်းရန် လျာထားဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ မင်းလှခံတပ်သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း မင်းလှမြို့၏ မြစ်ကမ်းဘေးတွင် တည်ရှိပြီး မြစ်အရှေ့ဘက်ကမ်းရှိ ငွေးချောင်းခံတပ်၏ မြောက်ဘက် ခါးလွယ်ခုတ် အနေအထားတွင် ပြင်သစ်နှင့် အီတလီအင်ဂျင်နီယာများ ဖြစ်သော ကွန်မိုတိုနှင့် မိုလီနာရီတို့က ကြီးကြပ်၍ ၁၈၆၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ဤမင်းလှခံတပ်သည် အရှေ့-အနောက် အလျား ၁၈၅ ပေ၊ တောင်-မြောက်အလျား ၁၆၅ ပေရှိပြီး အုတ်ဖြင့် တည်ဆောက်ခဲ့သည့် မြေပေါ်ခံတပ် ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနက အဆိုပါ ခံတပ်များကို ၁၉၅၇ ခုနှစ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ROYAL TUN အီလက်ထရွန်နစ်စင်တာ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၁

Royal Tun အီလက်ထရွန်နစ်စင်တာ၏တည်နေရာမှာ သိမ်ဖြူဈေးမှတ်တိုင် ရှေ့တည့်တည့် သိမ်ဖြူလမ်းမပေါ်၌ တည်ရှိသည်။ မိသားစုသုံး ဇိမ်ခံပစ္စည်းများအပြင် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် မိမိစိတ်တိုင်းကျ ဝယ်ယူရရှိနိုင်သည်။ TV ဆိုဒ်စုံကို ရရှိနိုင်သည့်အပြင် LCD TV များကိုလည်း ရရှိနိုင်သည်။

ဝယ်ယူနိုင်

ထို့အပြင် Air Conများ၊ Air Cooler များ၊ရေခဲသေတ္တာမျိုးစုံ၊ အစားအသောက်ရောင်းသောဆိုင်များတွင် အများဆုံးသုံးကြသော Deep Freezer များ၊ ပန်ကာမျိုးစုံ၊ EVD စက်များ၊ အင်တင်နာများ စသည်ဖြင့် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို တစ်နေရာတည်း စိတ်ကြိုက်ဝယ်ယူနိုင်သည်။ အိမ်ရှင်မများအတွက် မရှိမဖြစ်လိုအပ်မည့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံကိုလည်း တစ်နေရာတည်းတွင် ရရှိနိုင်သည်။

ဆက်သွယ်နိုင်

အဆိုပါဆိုင်တွင် ၂၀၁၁ နှစ်သစ်အကြိုလက်ဆောင်ပစ္စည်းများနှင့်အတူ အထူးလျှော့ဈေးများဖြင့် ဒီဇင်ဘာ၃၁ ရက်အထိ ရောင်းချပေးမည်ဟုသိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် Royal Tun အီလက်ထရွန်နစ်စင်တာ ဖုန်း-၃၉၄၁၂၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ROYAL TUN အီလက်ထရွန်နစ်စင်တာ

ရန်ကုန်မြို့ သိမ်ဖြူဈေးမှတ်တိုင် ရှေ့တည့်တည့် သိမ်ဖြူလမ်းမပေါ်၌ တည်ရှိသည့် Royal Tun အီလက်ထရွန်နစ်စင်တာကို တွေ့ရစဉ်။ (သတင်းစဉ်)

တရုတ်မက်သဒစ်ကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

တရုတ်မက်သဒစ်ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သခင်မြပန်းခြံ Western Park Restaurant (1) ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးထွန်းစိန် ဖုန်း-၀၉-၅၀၁၃၇၅၈၊ ဦးထွန်းလင်း ဖုန်း-၂၁၀၅၆၇၊ ဦးကြည်ပို့ ဖုန်း-၇၃၀-၄၉၂၅၇၊ ဦးစိန်ဝင်း ဖုန်း-၂၄၆၉၃၁၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၅၁၁၂၂၁၊ ဒေါ်ခင်ခင်ဝင်း ဖုန်း-၂၅၁၃၀၇ နှင့် ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁၆၀၉၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဘော်လီဘောကွင်း၌ ကျင်းပသော ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

ဗိုလ်လုပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တတိယဆုရ အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်းက တစ်ဦးချင်း ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အကောင်းဆုံး စပေးဘောဆုရ ဇော်မင်းလတ်(ကာကွယ်ရေး)၊ အကောင်းဆုံး ပင့်ထောင်ဆုရ ငွေစိုး(နယ်စပ်/စည်ပင်)၊ အကောင်းဆုံး ရိုက်ခုတ်ဆုရ သိန်းဟန် (စက်မှု-၂)၊ အကောင်းဆုံးပိတ်ဆို့ဆုရ အုန်းရွှေ(နယ်စပ်/စည်ပင်)၊ အကောင်းဆုံး ခုခံဆယ်မဆုရ တက်နေထွန်း (နယ်စပ်/စည်ပင်)နှင့် အကောင်းဆုံး ဘော်လီဘောအားကစားသမားဆုရ နောင်နောင်ထွန်း (ကာကွယ်ရေး)အသင်းတို့အား အကောင်းဆုံးဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထရရှိကြသော ဝန်ကြီးဌာနအသင်းများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က ဂုဏ်ပြုငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က သုံးနှစ်ဆက်တိုက် ပထမရရှိ၍ ဒိုင်းဆုအပိုင်ရရှိသွားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဘော်လီဘောအသင်းအား ပင်မဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုများအား ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ပထမရရှိ၍ ဒိုင်းဆုအပိုင်ရရှိသွားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဘော်လီဘောအသင်းအား ပင်မဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်"
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၉)**
- ၈း၄၀ Fashion Music Festival (Part-9)
- ၉း၁၅ ထာဝရဆရာများနှင့်တစ်သက်တာတပည့်များ၏အမှတ်တရနေ့
- ၉း၃၅ အားကစားမြင်ကွင်းစုံ (စိုးသူရ၊ ဇော်ဌေး၊ စောခူဆဲလ်၊ မြတ်သူရ)
- ၁၀း၀၀ (၁၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
- ၁၀း၁၅ Activities In The City [အလက(၂)တာမွေ၏ မြတ်ဆရာပူဇော်ပွဲ]
- ၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (ချစ်စနိုးဦး)
- ၁၁း၀၅ Industrial Talk [ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Ocean Super Center မိသားစုပျော်ပွဲရွှင်ပွဲနှင့်အထူးဈေးရောင်းပွဲ)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ သင်ယူလေ့လာဂီတပညာ (Part-2) (Major Scales)
- ၁၂း၃၅ ဒါနကုသိုလ်ထုံသင်းပျံ့ချီ. . . မြို့ရွှေဘို၏ဘုံမဟာကထိန်ဆီ. . .
- ၁း၀၀ "ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်"
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (စိတ်ကောက်တာကောင်းတယ်၊ စိတ်မကောက်တာကောင်းတယ်)
- ၃း၁၀ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကမာရွတ်မြို့နယ်(၄၃)ကြိမ်မြောက်ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၂)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၉)**
- ၄း၅၀ ပုသိမ်မြို့အလှူရှာပုံတော်
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (အောင်ကျော်ဟိန်း)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၃)**
- ၇း၁၅ Fashion Music Festival (Part-10)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Miss Universe 2010
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၀)**
- ၁၀း၁၅ Cartoon Show Time (Wallace & Gromit)
- ၁၀း၅၀ Celebrity Style (ဖူးဖူးမောင်)
- ၁၁း၁၅ စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာမင်းသိန်း၏ ၂၀၁၁ ရွှေမန်းဗေဒင်ဒိုင်ယာရီ)
- ၁၁း၃၀ World of Knowledge (Interpol Investigate; The Scrpant)
- ၁၂း၁၅ ရင်သွေးအတွက်သတိတစ်ချက် (ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရူပါဦး) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၂း၂၅ ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၂)
- ၁၂း၄၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
- ၁၂း၅၅ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
- ၁း၀၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
- ၁း၄၅ ရွှေလာငွေလာသုံးရောင်ခြယ် မာလကာ
- ၂း၁၀ Box Office Movies (Watch Men)
- ၂း၃၅ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၂း၅၅ လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ Say It In English
- ၄း၂၀ တိုးတက်စည်ပင ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၄း၄၅ ပုံဖော်ထွင်းထု မြန်မာ့ပန်းပု
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းသွယ် (၇)နေ ကွယ်လွန်သူ ဦးခင်မောင် (၃)နှစ်ပြည့် အားရည်စူး၍ သမီး-ဒေါ်ယဉ်ယဉ်ထွေး မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ရေလှောင်ကန်သစ် အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အထက (၄) အလုံ (ယခင်ကူရှင်ကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အထက(၄) အလုံ (ယခင်ကူရှင်ကျောင်း)တွင် ၂၀၁၀ ပညာသင်နှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို အထက(၄) အလုံခန်းမ၌ ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဦးမြင့်သိန်း Western Park Co.,Ltd. ဖုန်း-၂၉၀ ၃၇၃၊ ၂၉၁၉၈၇၊ ဒေါ်ဒိုင်းရင်သာသိန်း ဖုန်း-၆၆၃၀၄၈၊ ဒေါ်ခင်ဖြူဖြူ ဖုန်း-၂၁၁ ၅၉၁၊ ဒေါ်ရှုကြည် ဖုန်း-၂၁၀၅၄၀၊ ၀၉-၅၀၆၃၁၈၀၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၂၂၁၄၀၆၊ ဒေါ်ခင်မေစိုး ဖုန်း-၀၉-၅၀၆ ၄၅၂၃၊ ဦးကိုကိုကြီး ဖုန်း-၂၁၂၈၆၅၊ ၀၉-၅၀၉၉၅၂၄၊ ကိုဇော်မင်း ဖုန်း-၀၉-၅၁၃၉ ၇၇၉၊ ဒေါ်ချိုချိုလွင် ဖုန်း-၀၉-၅၀၁၉၂၃၂၊ ဒေါက်တာဝင်းကျော် ဖုန်း-၀၉-၅၁၆၂ ၇၀၄၊ ဒေါ်တင်သိုက်ဝင်း ဖုန်း-၀၉-၅၁၆၇ ၁၂၀၊ မမိုးမိုးဟန် ဖုန်း-၅၁၇၂၀၄၊ ဒေါက်တာကျော်ဝင်းထွန်း ဖုန်း-၇၀၁၀၁၉၊ မအေးအေးလွင် ဖုန်း-၀၉-၅၀၇၂၁၅၂၊ မစန်းတင့်ထွန်း ဖုန်း-၃၈၈၅၅၆ နှင့် ၀၉-၅၀၀၉၀၂၇၊ ကိုကျော်နိုင် ဖုန်း-၂၄၂၄၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အောင်ဆန်းသူရိယ လှသောင်းကျောင်း အထက(၂) မင်္ဂလာဒုံ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂) မင်္ဂလာဒုံတွင် ၁၉၇၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများက အသက်(၆၀)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် တာဝန်ထမ်းဆောင်ဆဲ၊ တာဝန်ထမ်းဆောင်ခဲ့သူ ဆရာ၊ ဆရာမများအား ဂါရဝပြုပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၅၀)တွင် "ဒေါ်လာဈေးဂယက် စီးပွားရေးလားရာနှင့် နိုင်ငံရေးဖြစ်ထွန်းမှုအသစ် ဘယ်လိုချိတ်ဆက်ပုံပေါ်လာမလဲ" မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် မြန်မာ့ဒုတိယမြောက် ရေပန်းရုပ်ရှင်ပါ ကစားကွင်း ၂၀၁၁ နှစ်ဆန်းတွင် ရန်ကုန်ပြည်သူ့ဥယျာဉ်၌ ဖွင့်လှစ်မည်၊ မိုဘိုင်းဖုန်းအားလုံးတွင် အက်စ်အမ်အက်စ်စနစ်ဖြင့် ဒေါ်လာ၊ ရွှေနှင့် စိန်ဈေးများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည့် ဝန်ဆောင်မှု ပေးမည်၊ ဘင်္ဂလားပင်လယ်အော်ရှိ ရေငွေ့များကြောင့် ဒီဇင်ဘာလကုန်အထိ မိုးရွာသွန်းနိုင်၊ ၂၀၁၀ တရုတ်နိုင်ငံ စက်မှုကုန်စည်ပြပွဲကျင်းပ၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်မှု"၊ "တကယ်တမ်းကျတော့ မင်းသမီးဖြစ်လာတဲ့အခါ ကိုယ်အရမ်းဖြစ်ချင်တဲ့အရာတွေကို စွန့်လွှတ်ခဲ့ရတယ်" နိုဘယ်ကျော်ကျော်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စီအင်န်အင်န်ရုပ်သံတွင် ၂၅ နှစ်ကြာ စီစဉ်တင်ဆက်ခဲ့သည့် လာရီကင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် အဆုံးသတ်၊ သီရိလင်္ကာပါလီမန်အမတ်များ စိတ်ဖိစီးမှုကင်းဝေးရန် ယောဂကျင့်စဉ်ကျင့်ရမည်၊ အထီးကျန်အမျိုးသားများအတွက် နှစ်သိမ့်ပေးမည့် ဗီဒီယိုဆော့ဖ်ဝဲ ရနိုင်ပြီ၊ တရုတ်လုပ်ငန်းရှင်များ အာဖရိကတွင် လွတ်လပ်စွာရင်းနှီးမြှုပ်နှံလာကြ၊ အရှေ့အာရှတွင် ဂျပန်စစ်အင်အားတိုးမြှင့်သွားမည်၊ "ဆွီဒင်၏မြို့တော် စတော့ဟုမ်းတွင် ဗုံးနှစ်လုံးပေါက်ကွဲ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာအေကရက် ထရန်စဖော်မာစက်ရုံမှ ထရန်စဖော်မာများ ထုတ်လုပ်လျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁) မိုးကုတ်လမ်း အမှတ်(၄၇၆)ရှိ မြန်မာအေကရက် ထရန်စဖော်မာစက်ရုံမှ နိုင်ငံတကာ စံချိန်စံညွှန်းများဖြင့် ထရန်စဖော်မာများ ထုတ်လုပ်လျက်ရှိသည်။

အဆိုပါ ထရန်စဖော်မာများမှာ အီတလီ၊ ဂျပန်၊ ဆွီဒင်၊ ထိုင်းနိုင်ငံတို့မှ ကုန်ကြမ်းပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဖြင့် ဂျာမန်နည်းပညာများကို အသုံးပြု၍ ပြည်တွင်းတွင် ထုတ်လုပ်ထားကြောင်း၊ နိုင်ငံတကာ စံချိန်မီအရည်အသွေးမြင့်သော ထရန်စဖော်မာများကို ပြည်တွင်းတွင် ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ စက်ရုံတည်ထောင်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်သည့်အဆင့်ဆင့်တိုင်းတွင်လည်း IEC 76 Standard နှင့်အညီ ထုတ်လုပ်ကြောင်း သိရသည်။

ထို့ပြင် ထရန်စဖော်မာကိုယ်ထည်ကိုလည်း အအေးခံ ကြိတ်ထားသော Core Roll Sheet ပြားများ အသုံးပြုထားသောကြောင့် အပူလွန်ကဲမှုကို ထိန်းသိမ်းထားနိုင်ကြောင်း၊ ထရန်စဖော်မာအတွင်း ရေငွေ့ကုန်စင်အောင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော Oven ဖြင့် သတ်မှတ်ချိန်အတိုင်း စနစ်တကျ အပူပေးဆောင်ရွက်လျက်ရှိကြောင်း၊ သတ်မှတ်ထားသော KVA အလိုက် Ampere အပြည့် ထွက်ရှိရန် အာမခံပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံရာသီဥတုနှင့်ကိုက်ညီသော Conservator Type Design အား အသုံးပြုထားကြောင်း၊ Heavy Load အသုံးပြုသော စက်ရုံများအတွက် သင့်လျော်ပြီး သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ကြောင်း၊ အာမခံသက်တမ်း ငါးနှစ်တာဝန်ယူထားပြီး အာမခံသက်တမ်းလွန်သော အခြားထရန်စဖော်မာများကိုလည်း စနစ်တကျ စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက အမှတ်(၈၆-ခ) ရှင်စောပုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၁၆၅၁၂၊ ၅၁၆၅၁၀၊ ၇၂၃၇၅၅၊ ၀၉-၈၆၁၁၈၈၀နှင့် ဖက်စ်-၀၁-၅၁၆၅၁၀ အီးမေးလ် myin@myanmar .com .mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်နိုင်ငံ မဟာဗျူဟာမြောက်ဆက်ဆံရေးထူထောင်ရန် ရုရှားနှင့် အိန္ဒိယ ထပ်လောင်းအတည်ပြု

နယူးဒေလီ ဒီဇင်ဘာ ၂၁

ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရန် ရည်ရွယ်၍ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြပြီး နိုင်ငံတကာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် ထောက်လှမ်းရေးသတင်းများ မျှဝေသုံးစွဲရေးအတွက်လည်း သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

နှစ်နာရီကြာဆွေးနွေး

ရုရှားသမ္မတ ဒီမစ်ထရီ မက်ဗီဒက်ဗ်သည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ဒီဇင်ဘာ ၂၁ ရက်ကတွေ့ဆုံကာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ရေးအတွက် နှစ်နာရီကြာမျှ ဆွေးနွေးခဲ့သည်။

ရုရှားသမ္မတ၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံတာဝန်ရှိသူများသည် နျူကလီးယားစွမ်းအင်၊ ဆေးဝါးပစ္စည်းထုတ်လုပ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

စစ်အေးတိုက်ပွဲကာလအတွင်း အိန္ဒိယ၏ အိမ်နီးချင်းပါကစ္စတန်နိုင်ငံကို အမေရိကန်နိုင်ငံက အကူအညီများ ပံ့အောပေးအပ်ခဲ့စဉ် ရုရှားနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နက်ရှိုင်းသော နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ရှိခဲ့ဖူးသည်။

အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကဏ္ဍကို ရုရှားသမ္မတ၏ အိန္ဒိယခရီးစဉ်အတွင်း အဓိကထား ဆွေးနွေးခဲ့ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားသည်။ **အေပီ။**

ရုရှားသမ္မတ မက်ဗီဒက်ဗ် (ဝဲ) နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ကို နယူးဒေလီမြို့၌ ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

အစ္စရေးသူလျှိုများ အီဂျစ်နိုင်ငံ ဖော်ထုတ်

ကိုင်ရို ဒီဇင်ဘာ ၂၁

အစ္စရေးနိုင်ငံအတွက် သူလျှိုအဖြစ် တာဝန်ထမ်းဆောင်ပေးမှုဖြင့် အီဂျစ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် အစ္စရေးနိုင်ငံသားနှစ်ဦးတို့ကို အီဂျစ်အာဏာပိုင်များက ဒီဇင်ဘာ ၂၀ ရက်တွင် တရားစွဲဆိုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

၎င်းတို့ သုံးဦးကို အစ္စရေးနိုင်ငံအတွက် သူလျှိုလုပ်ငန်းလုပ်ဆောင်ပေးမှု၊ အီဂျစ်၊ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံများရှိ ဆက်သွယ်ရေးကုမ္ပဏီများ၌ အလုပ်လုပ်ကိုင်နေသော အီဂျစ်နိုင်ငံသားများကို သူလျှိုအဖြစ်လုပ်ကိုင်ရန် စည်းရုံးသိမ်းသွင်းမှုများဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံ လုံခြုံရေးတာဝန်ရှိသူများက သတင်းထောက်များကို ထုတ်ဖော်ပြသခဲ့သော မှတ်တမ်းအရ တရားစွဲဆိုခံခဲ့ရသော အီဂျစ်နိုင်ငံသားမှာ အသက် (၃၇) အရွယ် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ တာရက်ခ်အက်ဘ်ဒယ်လ်ရီဇက်ခ် ဟူစိန်ဆိုသူဖြစ်သည်။

ရယူခဲ့

၎င်းသည် အီဂျစ်၊ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံများ၌ သူလျှိုလုပ်ငန်းလုပ်ဆောင်ရန် သိမ်းသွင်းနိုင်မည့် အီဂျစ်နိုင်ငံသား ဆက်သွယ်ရေးကုမ္ပဏီဝန်ထမ်းများ၏ သတင်းအချက်အလက်များကိုပေးအပ်၍ အပြန်အလှန်အားဖြင့် အစ္စရေးတို့ထံမှ အမေရိကန်ဒေါ်လာ ၃၇၀၀၀ ရယူခဲ့သည်ဟုဆိုသည်။

ရီဇက်ခ်ဟူစိန်နှင့် အပေါင်းအပါ အစ္စရေးနိုင်ငံသားနှစ်ဦးကိုမူ မျက်ကွယ်၌ တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကိုင်ရိုမြို့ရှိ အစ္စရေးသံရုံးတို့က ယင်းကိစ္စနှင့်ပတ်သက်၍ မှတ်ချက်ပြုခြင်း မရှိသေးပေ။ **အမ်အင်အေ၊ ရိုက်တာ။**

ဥရောပဆောင်းရာသီကြောင့် ခရစ္စမတ်ကာလလေကြောင်းခရီးစဉ်များ နှောင့်နှေးဆဲဖြစ်

လန်ဒန် ဒီဇင်ဘာ ၂၁

နှင်းကျဆင်းမှုနှင့် အပူချိန် ရေခဲမှတ်ထိကျဆင်းမှုတို့ကြောင့် ဥရောပတိုက်မြောက်ပိုင်း၌ လေကြောင်းခရီးစဉ်များဖျက်သိမ်းခဲ့ရပြီး ခရစ္စမတ်ရက်မတိုင်မီ လေးရက်မျှအလိုတွင် အရောင်းအဝယ်လုပ်ငန်းများ ပျက်စီးရခြင်းကြောင့် လက်လီဈေးသည်များ စိတ်ညစ်ညူးနေကြရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ဥရောပတိုက်တစ်ဝန်းရှိ လေကြောင်းခရီးစဉ် ၃၀၀၀ ခန့်ကို ဒီဇင်ဘာ ၂၀ ရက်က ဖျက်သိမ်းခဲ့ရပြီးနောက် ခရီးစဉ်အများစုကို အင်္ဂါနေ့တွင် ပြန်လည်စတင်နိုင်ရန် ဥရောပ လေကြောင်းလမ်းကြောင်းကွပ်ကဲထိန်းချုပ်ရေးအဖွဲ့က မျှော်လင့်ထားသည်။

သို့ရာတွင် ရာသီဥတုအခြေအနေကြောင့် လေကြောင်းခရီးစဉ် ဖျက်သိမ်းရမှုများ ဥရောပတိုက်တစ်ဝန်း ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ခရီးစဉ်များ ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခဲ့ခြင်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြသော ခရီးသည်များဖြင့် ပြည့်နေသည့် လန်ဒန်ဟီးသရိုးလေဆိပ်၏ လေဆိပ်ထွက်ခွာဆောင်များသည် ဒုက္ခသည်စခန်းများနှင့် အလားသဏ္ဍာန်တူညီနေကြောင်း သတင်းများတွင် ဖော်ပြသည်။ **အမ်အင်အေ၊ ရိုက်တာ။**

မိမိ၏နယ်မြေအတွင်း ပြည်ပတပ်ဖွဲ့ဝင်များမရှိဟု အမေရိကန်ဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးပြော

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၁ - မိမိ၏ ပိုင်နက်နယ်မြေအတွင်း မည်သည့်ပြည်ပတပ်ဖွဲ့ဝင်မျှ စစ်ဆင်ရေးလုပ်ငန်းများ ဆင်နွှဲနေခြင်း မရှိကြောင်း မီဒီယာသတင်း ဖော်ပြချက်တစ်ရပ်ကို တုံ့ပြန်လျက် ပါကစ္စတန်အစိုးရက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

မိမိ၏နိုင်ငံ နယ်စပ်ဒေသများ၌ လှုပ်ရှားနေသော စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုကို မိမိတို့၏ တပ်ဖွဲ့များက တုံ့ပြန်ကိုင်တွယ်နိုင်စွမ်းရှိကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ဟူစိန်ဟက်ကာနီက ပြောကြားသည်။

အာဖဂန်နစ္စတန်အခြေစိုက် အမေရိကန်တပ်မှူးများသည် ပါကစ္စတန်နယ်မြေအတွင်းသို့ နယ်စပ်ဒေသမှ ဖြတ်ကျော်ဝင်ရောက်ကာ စစ်သွေးကြွများကိုချေမှုန်းရန် အထူးတပ်ဖွဲ့ဝင်များအား တာဝန်ပေးနေသည်ဆိုသော အမေရိကန် နယူးယောက်တိုင်းမ်သတင်းစာ၏ ရေးသားဖော်ပြချက်ကို ၎င်းကပယ်ချသည်။ အာဖဂန်နယ်စပ်ဒေသတစ်လျှောက်တွင် မဟာမိတ်နိုင်ငံများအနေဖြင့် မိမိတို့၏ဘုံရန်သူကို တိုက်ခိုက်ချေမှုန်းရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဟက်ကာနီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် လုံခြုံမှုတိုးတက်ကောင်းမွန်ရေးအတွက် မိမိတို့၏တပ်ဖွဲ့များက အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြကြောင်း ၎င်းကပြောကြားသည်။

ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အမေရိကန်နိုင်ငံတို့သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် အခြားသော အကြမ်းဖက်သမားများကို အမြစ်ပြတ်ချေမှုန်းနိုင်ရန် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြကြောင်း သံအမတ်ကြီးက ပြောကြားသည်။ **အင်တာနက်။**

မူးယစ်ဆေးဖြန့်ချိရေးကွန်ရက်၌ ရေတပ် တပ်ဖွဲ့ဝင်များပါဝင်သည်ဆိုမှု ဩစတြေးလျ စုံစမ်းစစ်ဆေး

ဆစ်ဒနီ ဒီဇင်ဘာ ၂၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တော် အလယ်ပိုင်းရှိ ရေတပ် အခြေစိုက်စခန်းတစ်ခုပြင်ပ၌ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ၌ ဩစတြေးလျရေတပ် တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာမှုနှင့်ပတ်သက်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများကို ဒီဇင်ဘာ ၂၀ ရက်က စတင်ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆစ်ဒနီဆိပ်ကမ်း ဂါးဒင်းကျွန်း ရေတပ်အခြေစိုက်စခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုများတွင် ပါဝင်ပတ်သက်နေကြောင်း သတင်းဌာနများက အစီရင်ခံပြီးနောက် ဩစတြေးလျကာကွယ်ရေး လက်နက်ကိုင်တပ်ဖွဲ့ (အေဒီအက်ဖ်)နှင့် ရဲတပ်ဖွဲ့က ယင်းကိစ္စအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဂါးဒင်းကျွန်းရေတပ်အခြေစိုက်စခန်းမှ စတင်သော မူးယစ်ဆေးဝါးဖြန့်ဖြူးရေးကွန်ရက်တွင် ရေတပ်တပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာ ပါဝင်နေဖွယ်ရှိပြီး ဩစတြေးလျစစ်ဘက်၏ အဆိုးရွားဆုံးဖြစ်နိုင်ဖွယ် မူးယစ်ဆေးဝါးပြဿနာအဖြစ် သတင်းစာများက ရေးသားဖော်ပြခဲ့သည်။

အမည်မဖော်လိုသည့် သတင်းတစ်ရပ်၌မူ အဆိုပါ မူးယစ်ဆေးဝါးဖြန့်ချိရေးကွန်ရက်သည် ဒေသတွင်းရောက်ရှိ လာသော ကမ္ဘာလှည့်ခရီးသွားလူငယ်များကို အဓိကထား၍ မူးယစ်ဆေးဝါးများအား ဖြန့်ချိရောင်းဝယ်ခဲ့သည်ဟု ဆိုသည်။ **အေအက်ဖ်ပီ။**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တော် အလယ်ပိုင်းရှိ ဂါးဒင်းကျွန်း ရေတပ်အခြေစိုက်စခန်း။

နျူထိပ်ဖူးတပ်ဆင်ပစ်ခတ်နိုင်သည့် ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်ခတ်

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၁

နျူကလီးယားနှင့် သမားရိုးကျ ထိပ်ဖူးများတပ်ဆင်ပစ်ခတ်နိုင်သော တာလတ်ပစ်ဒုံးကျည်တစ်စင်းကို ယနေ့အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံက အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့သည့် ဂေါရီ ဟတ်ဖ်-၅ ဒုံးကျည်သည် ကီလိုမီတာ ၁၃၀၀ အကွာအဝေးရှိ ပစ်မှတ်ဆီသို့ ရောက်ရှိနိုင်ပြီး သမားရိုးကျ ထိပ်ဖူးများအပြင် အခြားထိပ်ဖူးများကိုလည်း တပ်ဆင်ပစ်ခတ်နိုင်သည်ဟုဆိုသည်။

ကက်ရှ်မီးယားဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွားမှုကြောင့် စစ်ပွဲသုံးကြိမ်ဖြစ်ခဲ့ရသော တောင်အာရှဒေသတွင်း နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့်ပါကစ္စတန်တို့သည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကို မကြာခဏပြုလုပ်လေ့ရှိသည်။

ယင်းနှစ်နိုင်ငံလုံးသည် ၁၉၉၈ခုနှစ်မှစ၍ နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားခဲ့ပြီးဖြစ်သည်။ **အေအက်ဖ်ပီ။**

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် အီရန်၌ ခုနစ်ဦးသေဆုံး၍ ရာပေါင်းများစွာ ဒဏ်ရာရ

တီဟီရန် ဒီဇင်ဘာ ၂၁ - **အီရန်နိုင်ငံ အရှေ့တောင်ပိုင်း၌ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ဒီဇင်ဘာ ၂၀ ရက်နှောင်းပိုင်းက လှုပ်ခတ်ခဲ့ရာ အနည်းဆုံးခုနစ်ဦးသေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့ကြောင်း ယနေ့သတင်း များတွင် ဖော်ပြသည်။**

အီရန်နိုင်ငံ ကာမင်းပြည်နယ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

အဆိုပါငလျင်သည် ကာမင်းပြည်နယ် ဟိုစိန်နာဘတ်မြို့အနီး ဗဟိုပြုလှုပ်ခတ်ခဲ့ပြီး အင်အား ရစ်ချ်တာစကေး ၅ ဒသမ သုညအဆင့်ရှိ ငလျင်တစ်ခုအပါအဝင် နောက်ဆက်တွဲငလျင်ပေါင်း ၂၂ ကြိမ်မျှလှုပ်ခတ်ခဲ့ကြောင်း တီဟီရန်တက္ကသိုလ် ဘူမိရူပဗေဒဌာနက ပြောကြားသည်။

ကာမင်းပြည်နယ် ဆာဂျားဒေသအတွင်းရှိ ကျေးရွာများ၌ အပျက်အစီးများပြားခဲ့ပြီး ဒဏ်ရာရသူ ရာပေါင်းများစွာတို့ကို အဆောက်အအုံ အပျက်အစီးများအောက်မှ ဆွဲထုတ် ကယ်ယူခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏အဆိုကို ကိုးကား၍ မားရ်သတင်းဌာနက ဖော်ပြသည်။ အပျက်အစီးပမာဏကြီးမားသောကြောင့် အသေအပျောက်နှုန်း ထပ်တိုးလာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ကာမင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသဖြစ်သည့် အားလျော်စွာ ငလျင်လှုပ်ခတ်မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်သွားခဲ့ရာ ငလျင်ဒဏ်ခံစားရသူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန် အခက်အခဲကြုံတွေ့နေရသည်ဟု ဆိုသည်။

အီရန်နိုင်ငံသည် ကမ္ဘာမြေ၏ အဓိကမြေလွှာပြတ်ရွေ့ကြောများပေါ်၌ တည်ရှိသောကြောင့် အဖျက်စွမ်းအားကြီးမားသော ငလျင်များ၏ ဒဏ်ကို မကြာခဏခံစားရသည်။ **အေအက်ဖ်ပီ။**

ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိ၊ အရာခံ၊ အကြပ်နှင့် စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ အရာခံ၊ အကြပ်နှင့် စစ်သည်များ ဝင်ရောက် ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးကြီး လူအေးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အရာရှိ ၅၅ ဦး၊ အရာခံ ၅၇ ဦး၊ အကြပ် ၆၆ ဦးနှင့် တပ်သား ၃၃ ဦး စုစုပေါင်း ၂၁၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ အရာခံ၊ အကြပ်နှင့် စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုနေမှုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးကြီးလူအေး ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အထက(၄) မရမ်းကုန်း နဝမအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မရမ်းကုန်း၌ ၁၉၇၀-၁၉၈၇ ပညာသင်နှစ်များအတွင်း သင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် သပြေခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးလှမိုး ဖုန်း-၀၁-၇၃၀၁၂၃၁၆၊ ဦးမင်းအောင် ဖုန်း-၀၁-၇၃၀၀၁၃၁၇၊ ဦးမိုးမြင့်အောင် ဖုန်း-၀၁-၇၃၀၁၃၇၂၀၊ ဦးအောင်မျိုးသန့် ဖုန်း-၀၉-၅၁၆၂၃၀၄၊ ဦးကျော်လင်း ဖုန်း-၀၉-၅၀၄၃၃၄၀၊ ဒေါ်အေးအေးငြိမ်း ဖုန်း-၀၉-၅၁၇၇၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်၏ (၁၀၆)နှစ်မြောက် မွေးနေ့အလှူမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဝဲလောင် ကျောက္ကာကျေးရွာဇာတိ ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်၏ (၁၀၆)နှစ်မြောက် မွေးနေ့အလှူမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ အလှူရှင် ဘွားအိမ်ပြည့်နှင့် သားသမီး မြေးမြစ် မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် မွေးဇာတိရပ်ရွာ ကျေးရွာခြောက်ရွာသို့ ငွေကျပ် ၁၀၅၂၂၅၀၀ တန်ဖိုးရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၅၀၀၊ ဘုရားပန်းအိုး ၅၀၀၊ သောက်တော်ရေခွက် ၅၀၀ လှူဒါန်းခြင်း၊ ပင့်သံဃာ ၁၅ ပါးတို့အား ငွေကျပ် ၁၇၇၂၉၈၅ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ သံဃာတော်အပါး ၁၂၀ တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ အပါအဝင် လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၁၃၈၅၅၄၈၅ ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အခမဲ့ ခွဲစိတ်ကုသပေး

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ သံတွဲမြို့နယ် မြပြင်ကျေးရွာ မျက်စိအထူးကုဆေးခန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ သံတွဲမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဦးကံညွန့်နှင့် ပါမောက္ခ ဒေါက်တာဦးကိုကိုတင်တို့ ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့နယ် မြပြင်ကျေးရွာ မျက်စိအထူးကုဆေးခန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ကြည့်ရှုခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် မျက်စိအထူးကုဆရာဝန်နှင့် အကူဆရာဝန် ရှစ်ဦး၊ သူနာပြုဆရာမ ငါးဦး စုစုပေါင်း ၁၃ ဦး ပါရှိပြီး မျက်စိဝေဒနာရှင် ၇၈၇ ဦးတို့အား အခမဲ့ ကြည့်ရှုပေးခဲ့ကာ အတွင်းတိမ်လူနာ ၁၅၂ ဦးတို့အား အခမဲ့ ခွဲစိတ်ပေးခဲ့ကြောင်း၊ မျက်စိဝေဒနာရှင်များမှာ သံတွဲမြို့နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များမှ လာရောက်ခဲ့ကြကြောင်း သိရသည်။

လှူဒါန်း

ထိုသို့ ကုသရာတွင် ကုန်ကျစရိတ် အဝဝကို အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ဘောက်ထော်ရပ်နေ ဒေါက်တာဦးတင်ကြည်၊ ဒေါ်သန်းငွေမိသားစု၊ စင်ကာပူနိုင်ငံနေ ဒေါက်တာဦးစုံဟန်၊ ဒေါ်တင်တင်ထွေးမိသားစုနှင့် ရန်ကုန်မြို့ အင်းစိန်ရပ်နေ ဦးကြည်လင်း၊ ဒေါ်စံစံဝင်းမိသားစုတို့က လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန် ဆက်လက်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၂၂ ရက် ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း စတင်အကောင်အထည်ဖော်ပြီ

ရန်ကုန် ဒီဇင်ဘာ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ အကြား ချုပ်ဆိုသော မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းနှင့် အိန္ဒိယသမ္မတနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်သော မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းစာချုပ်အရ ဒီဇင်ဘာ ၁၉ ရက်က စစ်တွေမြို့၌ အဆိုပါ စီမံကိန်း၏ ဆိပ်ကမ်းတည်ဆောက်ရေး အုတ်မြစ်ချအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါစီမံကိန်းသည် ရခိုင်ပြည်နယ်အတွင်းရှိ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အကြီးမားဆုံးသော စီမံကိန်းဖြစ်ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့၊ ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့အကြား ရေလမ်း၊ ကုန်းလမ်းတို့ဖြင့် ဆက်သွယ်သည့် ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး လမ်းကြောင်းကြီးဖြစ်ကာ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ပြည်တွင်းရေကြောင်းဆိပ်ခံတံတားများ ဆောက်လုပ်ခြင်းလုပ်ငန်းကို အိန္ဒိယ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ESSAR Project (India) Ltd က စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

စစ်တွေဆိပ်ကမ်း၌ တန်ချိန် ၆၀၀၀ တင် သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းတည်ဆောက်ခြင်း၊ စစ်တွေမြို့မှ ပလက်ဝအထိ ကုလားတန်မြစ်ကြောင်း တစ်လျှောက် တန်ချိန် ၃၀၀တင် မြစ်တွင်းသွားရေယာဉ်များ ဝင်ထွက်သွားလာနိုင်ရေးအတွက် မြစ်ကြောင်းပြုပြင်ခြင်းနှင့် ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်(အင်ဒူနယ်စပ်)အထိ အဝေးပြေးလမ်းများ ဖောက်လုပ်ခြင်းများ ပါဝင်၍ ခန့်မှန်းကုန်ကျငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၃၈ သန်းဖြစ်ကာ စီမံကိန်းကာလမှာ လေးနှစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း မြန်မာဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ မီဇိုရမ်ပြည်နယ်အကြား ဘက်စုံသယ်ယူပို့ဆောင်မှုကို ဖွံ့ဖြိုးတိုးတက်စေပြီး ကြီးမားသောစီမံကိန်းကြီးဖြစ်ကာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံရှိ ဒေသခံပြည်သူများအတွက် ကြီးစွာအထောက်အကူအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

(ဝင်းမောင်မောင်-သတင်းစဉ်)

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) အောင်လံမြို့နယ် မိုင်တိုင် (၁၉၁/၇)နှင့် (၁၉၂/၀)ကြားရှိ ကျောက်စီသံကူကွန်ကရစ် တံတားအောက်ခြေတွင် မြေထိန်းနံရံပြုလုပ်ရန်အတွက် ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စက်ရေတွင်း စစ်ဆေး

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝယ်သွန်ချောင်ကျေးရွာ စက်ရေတွင်းအား တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးရန်နိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်ဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သုတ၊ ရသစာပေများကိုရေး၊ စာဖတ်ရှိန်ကိုမြှင့်တင်

ခင်မောင်ထွန်း(လမ်းမတော်)

လနတ်တော် ပျော်တုန်းမို့ - အုန်းခြိမ့်ခြိမ့်ပြုလှာ
တေဇောခတ်အလာ - ရာသီမှာခနေ
ပြုဗ္ဗာသဥ္ဇမိဂသီ - နေ့နာရီညဥ့်ကိုလည်းရှု
ရွှေဟသ်ာတာရာပြုနှင့် - ပွင့်ဥကမ္ဘုံမှုံ
ရွှေသဇင်ဖူးငုံ - ဖော်မစုံ ညွတ်ပြောင်း
မြတ်စာဆိုမဟာ - ပူဇော်ရာပွဲကန်တော့ကြောင်း။

သဇင်ပန်းတို့ပေါ်သော နတ်တော်လသို့ ရောက်ရှိခဲ့ပြီ။ နတ်တော်လသည် မြန်မာနိုင်ငံ၏ စာဆိုတော်ကြီးများကို ဂုဏ်ပြုသောလဟု ရှေးယခင်ဘုရင်များလက်ထက် အဆက်ဆက်ကပင် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။ အထူးသဖြင့် နတ်တော်လဆန်း ၁ ရက်နေ့တွင် **"မြန်မာနိုင်ငံ၏ စာဆိုတော်နေ့"**အဖြစ် အစဉ်အလာမပျက် သတ်မှတ်ကျင်းပခဲ့သည်။

စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြသည်။ လူမျိုးတိုင်းတွင် အမျိုးသားစာပေဟူ၍ ရှိကြသည်။ စာပေနှင့်ကင်း၍ မည်သည့်လူမျိုးမျှ မတိုးတက် မဖွံ့ဖြိုးနိုင်၊ ယင်းတိုင်းပြည်သည်လည်း အဓွန့်မရှည်နိုင်ဟု ဆိုကြသည်။

စာပေသည် ဤမျှအရေးပါ အရာရောက်သည်ဆိုလျှင် စာပေကို ဖန်တီးပြုစုသည့် စာပေပညာရှင်များ၊ စာဆိုတော်များ၊ စာဆိုတော်များ၏ ဂုဏ်ကျေးဇူးသည်လည်း အထူးကြီးမားလှသည်။ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများသည် အမျိုးသားစာပေ၏ ဂုဏ်ကျေးဇူးကို ထင်ရှားအောင် အားထုတ်ရေးသားခဲ့ကြသည်။ စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကြောင့် မြန်မာ့စာပေ၏ အရည်အသွေး တင့်တယ်ဂုဏ်ပြောင်လျက် ရှိပါသည်။

စာဆိုတော်များ၏ ဂုဏ်ကျေးဇူးကို အမှတ်ထင်ထင် ဖော်ထုတ်ပြသသည့်အနေဖြင့် မြန်မာနိုင်ငံတွင် စာဆိုတော်သဘင်ပွဲကို ခေတ်အဆက်ဆက်ကျင်းပခဲ့သည်မှာ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူစရာပင်။

နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက **"စာဆိုတော်နေ့"** အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာတွင် တစ်နိုင်ငံလုံးရှိ အသက်(၈၀) ကျော် စာပေပညာရှင်ကြီးများ ကန်တော့ပွဲကိုပါထည့်သွင်း၍ ရန်ကုန်မြို့တော်ရှိ မြို့တော်ခန်းမကြီး၌ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

နိုင်ငံတော်က နှစ်စဉ်**"အမျိုးသားစာပေဆု"**များကို ဘာသာရပ်အလိုက် ထိုက်တန်စွာ ချီးမြှင့်ပေးခဲ့သကဲ့သို့ စေတနာရှင်များ၏ စာပေဆုများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးကြီးကြပ်မှုဖြင့် နှစ်စဉ် နှစ်တိုင်း ချီးမြှင့်ပေးလျက်ရှိသည်။

မြန်မာစာပေသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော် ပုဂံခေတ်မှ မြစ်ဖျားခံ စတင်ခဲ့သည်။ **"မြစေတီကျောက်စာ"**ကို မြန်မာစာပေသမိုင်းတွင် ရှေးအကျဆုံး မြန်မာစာပေအဖြစ် မှတ်တမ်းတင်ထားကြသည်။

မြန်မာစာပေကို ပုဂံခေတ်က ကျောက်သားများပေါ်တွင် ကမ္ပည်းထိုးသော ကျောက်စာများအပြင် ဘုရားနံရံတို့၌ မင်ဖြင့် ရေးသားထားသည့် မင်စာများလည်း တည်ရှိထွန်းကားခဲ့သည်။ ယင်းစာများသည် သုတစာပေများ ဖြစ်ကြသည်။

ပင်းယခေတ်တွင် ပီပြင်သောအလင်္ကာများ စတင်ပေါ်ထွန်းလာသည်။ **တျာဘွဲ့**သီချင်းများ၊ **ကာချင်း**များနှင့် **ရတု**များကို စတင်ဖွဲ့ဆိုရေးသားခဲ့ကြသည်။ အင်းဝခေတ်ကို **ပျို့ခေတ်**ဟု မြန်မာစာပေသမိုင်း သုတေသီတို့က ဆိုကြသည်။ ပျို့၊ လင်္ကာ၊ မော်ကွန်း၊ ရတု၊ မေတ္တာစာ စသော သီဖွဲ့မှုများ ပေါ်ထွန်းခဲ့သည်။

တောင်ငူခေတ်တွင်**"ပါရမီတော်ခန်းပျို့"** **"ဆုတောင်းခန်းပျို့"** သီကုံးရေးသားခဲ့ကြသည့်အပြင် နိုင်ငံသားတို့ ဇာတိမာန်တက်ကြွစေရန်အတွက် **"ချေင်း"**များကို စပ်ဆိုရေးသားခဲ့ကြသည်။

ညောင်ရမ်းခေတ်တွင် ဘာသာရေးသုတစာပေများ ပိုမိုထွန်းကားခဲ့သည်။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် ပညာရှိစာဆိုတော်များ ပိုမိုထွန်းကားလာခဲ့သည်။ ပျို့၊ လင်္ကာ၊ ကဗျာ၊ ရတု၊ မြန်မာ့ဂန္ထဝင်စာပေ အမေး အဖြေကျမ်းအများအပြားလည်း ပေါ်ထွက်ခဲ့သည်။

ခေတ်အဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် မြန်မာ့စာပေသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုကြောင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

စာပေနှင့်ပတ်သက်ပြီး ဆရာဇော်ဂျီက**"စာပေဆိုတာ အသိတရားနှင့်ဆိုင်ပါတယ်၊ ဒီတော့ ဘယ်စာပေကိုမဆို သုတစာပေလို့ ယေဘုယျအားဖြင့်ခေါ်လျှင် မှားမယ်မထင်ပါဘူး၊ ဒါပေမယ့် စာပေလောကထဲမှာ စာအုပ်အမျိုးမျိုး ရှိနေကြပါတယ်၊ ဒီတော့ စာအုပ်အမျိုးမျိုးရဲ့ သဘောအမျိုးမျိုးကိုလိုက်ပြီး စာပေအမျိုးအစားကို ခွဲကြည့်တတ်ကြပါတယ်။ ဒါကြောင့်မို့လို့ သုတစာပေမျိုး၊ ရသစာပေမျိုး၊ သုတရော ရသပါ ပါတဲ့ စာပေမျိုးလို့ အကြမ်းအားဖြင့် ဖြစ်ပေါ်လာကြတာကို တွေ့ရပါတယ်"**ဟု ဖော်ညွှန်းရေးသားခဲ့သည်။

ယခုနှစ်အတွက် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် **"စာဆိုတော်နေ့"**အတွက် တစ်နိုင်ငံလုံးမှ အသက် (၈၀)ကျော် သက်ကြီးစာပေပညာရှင်များအား ဂုဏ်ပြုကန်တော့ပွဲကြီးကို ရန်ကုန်မြို့တော်ခန်းမကြီး၌ ခမ်းနားစွာ ကျင်းပသွားရန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက လုပ်ငန်းကော်မတီများဖွဲ့၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ တစ်နိုင်ငံလုံး စာရင်းအရ သက်ကြီးစာပေပညာရှင်ကြီး ၁၅၁ ဦး တက်ရောက်ကြမည်ဖြစ်သည်။

အထက်တွင် တင်ပြခဲ့သကဲ့သို့ စာပေသည် တိုင်းပြည်နှင့် လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေသည်ဟု ဆိုခဲ့သည့်အတိုင်း သုတ၊ ရသစာပေများဖတ်ရှု ဗဟုသုတရှာဖွေနိုင်၍ ဉာဏ်ရည်တိုးတက် မြင့်မားလာစေရန် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာအရောက် စာကြည့်တိုက်၊ စာကြည့်ခန်းများဖွင့်ကာ ဆောင်ရွက်ပေးနေသဖြင့် စာဖတ်သူများကလည်း စာဖတ်ရှိန်မြှင့်ပြီး ဗဟုသုတ ရှာကြပါရန်နှင့် စာပေပညာရှင်များကလည်း နိုင်ငံတကာအဆင့်မီ သုတ၊ ရသ စာပေများ ကလောင်သွေးရေးသားကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ပုဆိန်တံဆိပ် ပန်းနီဆီ ပါဝင်ပြသရောင်းချမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

Smart Business Group မှ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် Yangon Expo 2010 တွင် Golden Palace Enterprises Limited မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိသော ပုဆိန်တံဆိပ် ပန်းနီဆီ ပါဝင်ပြသရောင်းချမည် ဖြစ်သည်။

ပုဆိန်ပန်းနီဆီသည် သဘာဝတိုင်းရင်းဆေးပင်များကို အဓိကထားကာ သိပ္ပံနည်းကျ ဖော်စပ်ထားသော အဆင့်မြင့် ဒဏ်ကြေလိမ်းဆေးဖြစ်ပြီး လူကြီးများတွင် အဖြစ်များသော ခါးနာ၊ ခါးကိုက်နှင့် အဆစ်အမြစ် ကိုက်ခဲခြင်း၊ အရိုးအကြောနှင့် ကြွက်သားနာကျင်ကိုက်ခဲခြင်းတို့ကို ဆေးလိမ်းရုံဖြင့် သွေးလည်ပတ်မှုကောင်းစေပြီး အကြောကြွက်သားနှိပ်နယ်သကဲ့သို့ ပျောက်ကင်းသက်သာစေသည်။

ထူးခြားမှုတစ်ခုအနေဖြင့် ငရုတ်အနှစ် (Capsicum Oleoresin) ဖြင့် ပါဝင်ဖော်စပ်ထားသောကြောင့် ဒူးခေါင်းနာ၊ ဒူးခေါင်းကိုက်ခဲခြင်းဝေဒနာများနှင့် အဆစ်ကျိုးပေါင်း (Osteoarthritis) ရောဂါများတွင် နာကျင်မှုဝေဒနာကို အမြန်ဆုံး သက်သာစေသည်။

ထို့အပြင် ပုဆိန်ပန်းနီဆီသည် မီးဟပ်ခြင်း၊ ရေနွေးပူလောင်ခြင်းကို သက်သာစေသည့်အပြင် ထိခိုက်ရှနာဖြစ်ခြင်းတို့တွင် သွေးတိတ်စေသည်။

တိကျသည့် ဆေးနည်းဖြင့် ဖော်စပ်ထားခြင်းကြောင့် အရေပြားပူလောင်မှုမရှိဘဲ ဆေးအနည်းငယ်ဖြင့် ဝေဒနာကို သက်သာစေနိုင်သည့်အပြင် ကိုယ်လက်လှုပ်ရှား အားကစားသမားများနှင့် မိဘဘိုးဘွားများအတွက် အထူးအသုံးဝင်သည့်အတွက် အိမ်တိုင်းဆောင်ထားသင့်သည့် ထိခိုက်ရှနာအကြောပြေ ဒဏ်ကြေလိမ်းဆေး ပုဆိန်တံဆိပ် ပန်းနီဆီဖြစ်သည်။

ပုဆိန်တံဆိပ်ပန်းနီဆီအပြင် ပုဆိန်လေဆေးဆီနှင့် ပုဆိန်ရှူဆေးတောင့်တို့ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လက်လီလက်ကားဝယ်ယူ၊ ရောင်းချ၊ လျှုဒါန်းလိုပါက Golden Palace Enterprises Limited အမှတ်(၃၂)လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၇၉၁၄၊ ၀၉-၉၉၂၃၀၀၄နှင့် မန္တလေး ဖုန်း-၀၉-၉၀၅၀၆၅၇၊ ၀၉-၅၁၀၄၅၅၁နှင့် အမြို့မြို့ အနယ်နယ်ရှိ ဆေးဆိုင်၊ စတိုးဆိုင်နှင့် တိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

Win Pharmacy Co., Ltd. နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)တို့ ပူးပေါင်း၍ Orthodontic Lecture Talk ကို ဒီဇင်ဘာ ၂၅ ရက်(စနေနေ့) ညနေ ၃ နာရီမှ ၅ နာရီအထိ ရန်ကုန်မြို့ Trader's Hotel ၌ ကျင်းပမည်ဖြစ်သည်။ Orthodontic Hands on Course ကိုလည်း ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ Trader's Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ရခိုင်ယူနိုက်တက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ရခိုင်ယူနိုက်တက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Rakhine United Golf Tournament) ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ဂေါက်ကလပ် (YANGON Golf Club)၌ ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဒီဇင်ဘာ ၃၀ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ ဒေါက်တာအေးထွန်း ဖုန်း-၀၉-၈၀၃၃၀၆၃ နှင့် ၀၁-၅၃၇၂ ၅၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

အထက (၃) သင်္ဃန်းကျွန်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အထက(၃) သင်္ဃန်းကျွန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် အဆိုပါကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် အပတ်စဉ် မွန်းလွဲ ၂ နာရီ (တနင်္ဂနွေနေ့)တိုင်းတွင် ကျင်းပမည့် အစည်းအဝေးသို့ တက်ရောက်လှူဒါန်း အကြံပြုကြရန်နှင့် လှူဒါန်းလိုပါက ဦးခင်မောင်ညွှန့် ဖုန်း-၀၉-၅၀၆၃၀၉၀၊ ဦးမြင့်အောင် ဖုန်း-၇၃၀၀၄၈၁၁၊ ဦးဇော်မင်းနိုင် ဖုန်း-၀၉-၅၀၈၇၁၃၁၊ ဦးစိန်ထွန်းအောင် ဖုန်း-၀၉-၅၁၈၁၁၇၂၊ ဒေါက်တာသက်လွင် ဖုန်း-၇၃၁၅၀၀၃၁၊ ဒေါ်ဝင်းဝင်းကြိုင် ဖုန်း-၀၉-၅၁၇၃၈၃၉နှင့် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၅၆၅၁၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

DCA နှင့် ဗဟိုစာရင်းရုံး CPA မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ကူးသန်းရောင်းဝယ်ရေးစာရင်းစစ် ညွှန်ကြားရေးဝန်ရုံး(DCA)နှင့် ဗဟိုစာရင်းရုံး CPA ဝန်ထမ်းဟောင်းများ မိတ်ဆုံစားပွဲကို ယခင်က စာရင်းစစ်ဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားခဲ့သော်လည်း တက်ရောက်သူများ သက်သာချောင်ချိရေးအတွက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်(စနေနေ့)တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အလှူငွေ လှူဒါန်းလိုပါက ဦးကျော်ညွှန့် ဖုန်း-၆၆၁၄၀၉၊ ၀၉-၅၀၈၂၈၅၇၊ ဒေါ်တင်ကြည်ဦး ဖုန်း-၅၃၅၁၈၆၊ ဦးစိုးလွင်-ဒေါ်လင်းလင်းခိုင် ဖုန်း-၀၉-၅၁၂၉၃၆၀၊ KKK ဖုန်း-၂၄၉၀၈၃၊ ဦးအေးထွန်း ဖုန်း-၇၂၄၀၁၈နှင့် ဦးတင်ဌေး ဖုန်း-၃၉၄၈၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အဖွင့်သီချင်း
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ မြန်မာ့ရှုခင်း
၄း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၈။ လျှပ်တစ်ပြက်
၄း၄၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ၁၀။ ရှေးဟောင်းသုတ
၅း၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂၃)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၅။ **Mail Box**
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၃၁)
၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၀)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -ရုပ်ဇာတ်ညွှန်း (သူရလင်း၊ အရိုင်း၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ပြာလောင်၊ မင်းညီ၊ မိုးယုစံ၊ အေးအေးခိုင်၊ ကစ်ကစ်၊ ရွှေပန်းချီ) (ဒါရိုက်တာ-ရဲပန်းနီ)
၂၃။ **Internet Website** ကဏ္ဍ/အိုင်စီတီသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၈)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပပြီးစီးခဲ့သော ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာဦးစီးဌာန ကျောင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် အမျိုးသမီးတံခွန်စိုက်ဆုရရှိခဲ့သော အထက(၂)လသာအသင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီဂီကျော်၊ ကြီးကြပ်သူဆရာမ၊ နည်းပြဆရာ ဦးဘဝေ(ယခင်မြန်မာစားပွဲတင်တင်းနစ်ချန်ပီယံနှင့်အဖွဲ့ချုပ်အတွင်းရေးမှူး) တို့နှင့်အတူတွေ့ရစဉ်။ (ပညာရေး)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်း အမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်း ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် တည်ထောင်ဖွဲ့စည်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအားဗဟိုဌာန(ASEAN Resource Center For Training of Trainers for Civil Service) အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်းအမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများရှိ လေ့ကျင့်ရေးသင်တန်းကျောင်းများ၌ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတို့မှ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိသူ စုစုပေါင်း ၃၀တို့ သင်တန်းတက်ရောက်လျက်ရှိကြပြီး အဆိုပါသင်တန်းတွင် လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ ဘာသာရပ်ငါးခုကို ရက်သတ္တလေးပတ်ကြာ ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited.သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 နှင့် M-11တို့တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Akademik Fersman ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၅ရက်မှ မတ် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Surveyတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်း တည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၆ မိနစ် ၃၃ ဒသမ ၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၆ မိနစ် ၃၄ ဒသမ ၄၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၅ ဒသမ ၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၃ ဒသမ ၂၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀ မိနစ် ၁ ဒသမ ၉၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁မိနစ် ၅ ဒသမ ၅၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀ မိနစ် ၁ ဒသမ ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၅၈ ဒသမ ၇၄ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ် ၃၈ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂ မိနစ် ၄၉ ဒသမ ၃၀ စက္ကန့်၊ Point Fမြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃ မိနစ် ၁၁ ဒသမ ၈၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၂ မိနစ် ၄၅ ဒသမ ၅၅ စက္ကန့်နှင့် Point G မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၆ မိနစ် ၁၆ ဒသမ ၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၂ မိနစ် ၃၄ ဒသမ ၂၁ စက္ကန့်အတွင်း၌ ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 နှင့် M-11 တို့တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Akademik Fersman ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်အသိပေးကြေညာထားသည်။

(သတင်းစဉ်)

(၂၆၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆုဖွင့်လှစ်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

(၂၆၄)ကြိမ်မြောက် ငွေကျပ်နှစ်ရာတန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ရက်(စနေနေ့)တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ငါးဆု၊ ငွေကျပ် သိန်း ၁၀၀ ၁၃ ဆု၊ ငွေကျပ် ၁၀ သိန်း ၂၈၆ ဆု၊ ငွေကျပ်ငါးသိန်း သုံးဆု၊ ငွေကျပ်သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ်နှစ်သိန်း ၁၂၆၀ ဆုနှင့် ငွေကျပ်တစ်သိန်း ၁၂၃၅၄ ဆုအပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ ဆုဖြစ်သည်။

ကံထူးရှင်များအား ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၇ ရက်မှစ၍ ဆုငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



(၁၂)ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့(၁၂)ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂၁

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် Mr. Apinan Phata Athiyanon ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၁၅ရက်မှ ၁၆ ရက်အထိ ပြုလုပ်သည့် (၁၂)ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်ပြီးနောက် ဒီဇင်ဘာ ၁၇ ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမောင်ဝေနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ထိုင်းသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့သည် Chatrium Hotel ကျင်းပခဲ့သည့်(၁၂) ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် နှစ်နိုင်ငံနည်းပညာပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



၂၀၁၁ ခုနှစ်အတွင်း စိုက်ပျိုးထုတ်လုပ်မည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ BIG M Group မှ နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်တာဝန်ယူမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၁၁ ခုနှစ်အတွင်း အရည်အသွေးကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစနစ်တကျ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပဈေးကွက်တင်ပို့နိုင်ရေးအတွက် BIG M Group Services Co.,Ltd. က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (MAS)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာမခံခြင်း

၂၀၁၁ ခုနှစ်အတွင်း စိုက်ပျိုးထုတ်လုပ်မည့်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများအနက် အောင်ပန်း၊ တောင်ကြီးဒေသတို့တွင်စိုက်ပျိုးမည့် ဟင်းသီးဟင်းရွက်များ၊ အောင်ပန်း၊ သီပေါနှင့် လားရှိုးဒေသတို့တွင် စိုက်ပျိုးမည့်သရက်သီးများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါဒေသတွင် စိုက်ပျိုးမည့်နဂါးမောက်နှင့် နာနတ်သီးများ၊ နေပြည်တော်၊ တပ်ကုန်း၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်းဒေသတို့တွင် စိုက်ပျိုးမည့် ဖရဲသီးများ၊ မန္တလေး၊ ကျောက်ဆည်၊ ကူမဲ၊ဟန်မြင့်မိုရ်ဒေသတွင် စိုက်ပျိုးမည့်သခွားမွှေးများ စသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများအား **(အပေါ်ပုံ)** စိုက်ပျိုးရေးနည်းပညာပေးခြင်း၊သွင်းအားစုများ ပေးအပ်ခြင်း၊ ထုပ်ပိုးမှု နည်းပညာပေးခြင်း၊ ဈေးကွက် အာမခံခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဒေသများနှင့် ယှဉ်တွဲဖော်ပြထားသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများသည် မိမိတို့ စိုက်ပျိုးမည့် သီးနှံများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးနည်းပညာ ရယူလိုခြင်း၊ သွင်းအားစုများ ရယူလိုခြင်း၊ ထုပ်ပိုးမှုနည်းပညာရယူလိုခြင်း၊ ဈေးကွက်ရရှိရေး စိတ်အေးလိုပါက BIG M Group Services Co.,Ltd. အမှတ် B-4,ရွှေကိန္နရီအိမ်ရာ နာနတ်တောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၃၉၃၇၊ ၀၉-၄၉၂၅၁၆၃၄၊ ၀၂-၇၁၇၂၉၊ ၀၉ -၂၀၄၄ ၀၀၃၊ ၀၉-၆၇၁၀၂၁၈ နှင့် ၀၉-၅၂၈၀၆၃၅ တို့သို့ ဆောလျင်စွာ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၅ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "မင်းမသိသေးပါဘူးကွာ"
- ၈း၅၀ ၁၁။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ သီချင်းကြီးပဒေသာ
- ၅း၀၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၁၅ ၉။ International Science News
- ၅း၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၀ ၁၄။ "ပြင်ဦးလွင်ပန်းမြို့တော်ဆီသို့"
- ၆း၄၀ ၁၅။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇း၃၀ ၁၇။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **"ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၅)**
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၂၀)**
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရွှေအိုးနှင့်ငွေတိုး" (ထွန်းထွန်း၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-မောင်အောင်) (ရှုပဗေဒ)**
- ၂၄။ အစီအစဉ်ပြီး၏။

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ဆွေးနွေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အထက(၃)ကြည့်မြင်တိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲကို ယင်းကျောင်း၌ ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အသေးစိတ်သိလိုပါက နာယက ဦးခင်စိုး ဖုန်း-၀၁-၇၃၀၄၆၈၃၅၊ဥက္ကဋ္ဌ ဦးသိန်းလွင် ဖုန်း-၀၁-၇၃၁၀၇၄၃၈၊ အတွင်းရေးမှူး ဦးတင်ဝင်း (တင်ဝင်းလေး၊ ကြည့်မြင်တိုင်) ဖုန်း-၀၉-၅၀၅၀၂၈၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းအောင် သတိထားဆောင်ရွက် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကိုလည်း မှန်မှန်ကန်ကန်ပေးသွင်း

ရွှေထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေးပွဲကျင်းပ

အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖက်စပ်ရွှေတူးဖော်ထုတ်လုပ်နေသည့် ဖက်စပ်လုပ်ငန်းရှင်များနှင့် ရွှေထုတ်လုပ်မှု တိုးတက်မြင့်မားရေးအပေါ် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၁

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖက်စပ်ရွှေတူးဖော်ထုတ်လုပ်နေသည့် ဖက်စပ်လုပ်ငန်းရှင်များနှင့် ရွှေထုတ်လုပ်မှု တိုးတက်မြင့်မားရေးအပေါ် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ ရွှေသတ္တုဖက်စပ်လုပ်ငန်း ဗဟိုကြီးကြပ်ရေးကော်မတီဝင်များ၊ ဗဟိုအထူးစစ်ဆေးရေးလုပ်ငန်းကော်မတီ၊ ခရိုင်နှင့်မြို့နယ် အထူးစစ်ဆေးရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အသင်းဝင်များ၊ ရွှေသတ္တုဖက်စပ်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် မြေလွှာကိုဖွင့်ပြည်ကိုမြှင့်အံ့ဟူသည့် ဆောင်ပုဒ်နှင့်အညီ သတ္တုကဏ္ဍမြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍကို အဓိကထားပြီး ပုဂ္ဂလိက သတ္တုလုပ်ငန်းရှင်များကို မြေတောင်မြှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်အရ ရွှေအပါအဝင် သတ္တုတူးဖော်မှု လုပ်ငန်းများကို လက်လုပ်လက်စား၊ အသေးစား၊ အကြီးစားဟူ၍ မြန်မာ့သတ္တုတွင်း ဥပဒေ / နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ခွင့်ပြုပေးခဲ့ကြောင်း၊ လုပ်ကိုင်ခွင့်ပြုရာတွင်လည်း မိမိတို့သတ္တုတွင်းဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေ/ နည်းဥပဒေများ ထုတ်ပြန်ပြီး စနစ်တကျ ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းဒေသကြီး / ပြည်နယ်များတွင် ရွှေလုပ်ကွက်များ များစွာပေါ်ထွက်လာခဲ့ကြောင်း၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များသို့ လှည့်လည်ရှင်းလင်းဆွေးနွေးစေခဲ့ပြီးဖြစ်ကြောင်း။

သတ္တုတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းအောင်လည်း သတိထားဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင် တူးဖော်လုပ်ကိုင်မှုများ တွေ့ရှိပါက စည်းကမ်း/ဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေထုတ်လုပ်မှုများကိုကြည့်လျှင် ယခင်နှစ်များကထက် ရွှေလုပ်ကွက်များ များပြားလာသကဲ့သို့ ထုတ်လုပ်နိုင်မှုလည်း တိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ ရွှေဈေးကွက် ကျယ်ပြန့်လာသည်နှင့်အညီ ရွှေလုပ်ငန်းရှင်များအသင်းကိုလည်း ဖွဲ့စည်းထူထောင်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များမှ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကိုလည်း မှန်မှန်ကန်ကန် ပေးသွင်းသွားကြရန် လိုအပ်ကြောင်း၊ ရွှေသတ္တုသည် မြန်မာနိုင်ငံ နေရာ တော်တော်များများတွင် ထွက်ရှိသည့်အတွက် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ရွှေထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရွှေလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း၊ ရွှေသည်နိုင်ငံတော်၏ ခနအင်အားဖြစ်သည့်အတွက် ရွှေဈေးနှုန်းကြောင့် အခြားဈေးနှုန်းများ မထိခိုက်စေရန် ရွှေဈေးနှုန်းတည်ငြိမ်ရန်လိုကြောင်း၊ လုပ်ငန်းရှင်များက စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ကြရန်နှင့် လုပ်ငန်းအခက်အခဲရှိလျှင်လည်း ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ္တုတွင်းဥပဒေ၊ နည်းဥပဒေဆိုင်ရာကိစ္စများနှင့် ရွှေဈေးနှုန်းထိန်းသိမ်းရေးကော်မတီ၏ သုံးသပ်ချက်များကို လည်းကောင်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ရွှေသတ္တုထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ရွှေသတ္တုဖက်စပ်လုပ်ငန်းရှင်များက ရွှေသတ္တုကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၆၇/၂၀၁၀) သီဟတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ ဗဟိုလေ့ကျင့်ရေး ကျောင်း ဒုတိယ ရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၆၇/၂၀၁၀) သီဟတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယ ရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၇/၂၀၁၀) သီဟတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းဦး၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာနညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင် ၊ ရဲအရာရှိကြီးများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး တပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသား အမှတ်(၁၆၁) ဒုတိယရဲအုပ်လောင်း နေသက်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၉၂) ဒုတိယ ရဲအုပ်လောင်း ဟန်ဇော်ထွန်း၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၂၀) ဒုတိယရဲအုပ်လောင်း ရဲဇော်ထွန်း၊ ကွန်ပျူတာ ဘာသာရပ် ထူးချွန်ဆုရကျောင်းသား အမှတ်(၂၇၉) ဒုတိယရဲအုပ်လောင်း သက်နိုင်စိုး၊ အင်္ဂလိပ်စာ ဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၁၉) ဒုတိယ ရဲအုပ်လောင်း တင်ထွန်းအောင်တို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားရာ၌ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်လေ့ကျင့်ရင်း ထပ်မံသင်ယူ မှတ်သား ဆည်းပူးသွားကြရမည် ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်သည့် ကာလတစ်လျှောက်တွင် အမှန်တရားဘက်က ရပ်တည်ကာ ပြည်သူကို ကာကွယ်စောင့်ရှောက်သွားကြရန်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ လက်အောက်ငယ်သားနှင့် လူမှုအသိုက်အဝန်း အားလုံးက လိုလားလက်ခံသည့် စစ်မှန်သော ခေါင်းဆောင်ငယ်များ ဖြစ်အောင် ဆည်းပူးလေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ အဂတိတရားကင်းစင်ပြီး စာရိတ္တခြစားမှုမရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်ရင်း ပြည်သူကို အလုပ်အကျွေးပြုပြီး တရားဥပဒေနှင့်အညီ အကာအကွယ်ပေးကြရမည် ဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အပေါ် ကျရောက်လာမည့် အဖျက်အမှောင့် အန္တရာယ်မှန်သမျှကို အချိန်မီ တားဆီးနိုင်ရေး၊ သတင်းလက်ဦးမှု ရယူ၍ အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် လိုကြောင်း မှာကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၄၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာ အတွင်း အဖွဲ့ဝန်ထမ်းများ သန့်ရှင်းသာယာလှပရေးနှင့် သီးပင်၊ စားပင်၊ အလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

အိမ်မဲ ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် အထက ရွှေညီလာခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုပါက ဒေါ်ထွေးရီ ဖုန်း-၀၄၂-၈၅၁၆၂၊ ဦးကျော်မြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၄၂-၈၅၆၇၃၊ ဦးခင့်ဟုန်(အတွင်းရေးမှူး) ဖုန်း-၀၄၂-၈၅၁၇၈၊ ဦးစံညိမ်း ဖုန်း-၀၄၂-၈၅၂၃၄ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း လွန်ခရုမာဒင်ရေခဲတောင်သို့ အောင်မြင်စွာတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၁

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုတို့ဖြင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အမှုဆောင် တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းနာယက ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေအုန်း(အငြိမ်းစား ပါမောက္ခချုပ်၊ ရန်ကုန်သူနာပြု တက္ကသိုလ်)နှင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အမှုဆောင်၊ တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့ ဦးဆောင်၍ အဖွဲ့ဝင် ၂၄ ဦးပါဝင်သော ဆောင်းရာသီတောင်တက်အဖွဲ့သည် ပူတာအိုခရိုင် အနောက်တောင်စွန်း၊ အိန္ဒိယ-မြန်မာနယ်နိမိတ်အနီးရှိ လွန်ခရုမာဒင်ရေခဲတောင် ၁၀၃၂၂ ပေသို့ တက်ရောက်ရန် ပူတာအိုအခြေစိုက်စခန်းမှ နိုဝင်ဘာ ၂၂ ရက်တွင် စတင်ထွက်ခွာတက်ရောက်ကြရာ တောင်ထိပ်သို့ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိပြီး နိုင်ငံတော်အလံ၊ ကချင်ပြည်နယ်အလံ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အလံနှင့် တောင်တက်အဖွဲ့အလံတို့ကို အောင်မြင်စွာ လွှင့်ထူနိုင်ခဲ့သည်။

တောင်တက်အဖွဲ့သည် လမ်းခရီးတစ်လျှောက်ရှိ တိုင်းရင်းသားကျေးရွာများတွင် ပြည်သူလူထုအား ဆေးကုသပေးခြင်း၊ ဆေးဝါးနှင့် ကျေးရွာစာသင်ကျောင်းများအတွက် ရန်ပုံငွေများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

လွန်ခရုမာဒင်ရေခဲတောင်ခရီးစဉ် အောင်မြင်ရေးအတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအမှူးပြုသော ပြည်နယ်နှင့် ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား မိဘပြည်သူများက ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

❀ရွှေဖုံးမှ

ဂီတလောကသားများအနေဖြင့် မိမိတို့၏ ဂီတလောကကို ပြန်လည်ပံ့ပိုးကူညီအကျိုးပြုခြင်း၊ ဂီတလောကနှင့် ဂီတအသိုင်းအဝိုင်းကို ခိုင်မာအောင် တည်ဆောက်ခြင်း၊ ကူညီပံ့ပိုး အားဖြည့်ခြင်းပင် ဖြစ်ကြောင်း၊ ဂီတလောကသားများအနေဖြင့် ဂီတလောကအကျိုး၊ မိမိတို့အကျိုးကို ဆောင်ရွက်နေသကဲ့သို့ မိမိလောကသားများ ပါဝင်ရပ်တည်နေသည့် တိုင်းပြည်၏ အကျိုးကိုလည်း နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲဖော်ဆောင်နေကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံဂီတအစည်းအရုံးအနေဖြင့် ချမှတ်ထားသည့် ရည်ရွယ်ချက် (၄)ရပ်၊ လုပ်ငန်းစဉ် (၈)ရပ်နှင့်အညီ မိမိတို့ဂီတအစည်းအရုံးဖွံ့ဖြိုးတိုးတက်အောင်၊ ဂီတလောက ဖွံ့ဖြိုးတိုးတက်အောင် ဂီတလောကသားများ၏ လူမှုရေး၊ သာရေး၊ နာရေးလုပ်ငန်းများကို ပံ့ပိုးကူညီနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဂီတအပါအဝင် မြန်မာတို့၏ အဆင့်အတန်း မြင့်မားသည့် အနုပညာကို ကမ္ဘာသို့ပျံ့နှံ့နိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးရှာဖွေကြံဆကာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အင်နှင့်အားနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက် မတိမ်ကောရေးအတွက်လည်း အထူးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အနုပညာရှင်များနှင့် အနုပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အားပေးပံ့ပိုးကူညီသွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အလှူငွေများလက်ခံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်တစ်ဦးက လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစု၏ လှူဒါန်းငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသော သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ် ၆၇၅၀၀၀၀ နှင့် သက်ကြီးဂီတ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ် ၂၁၅၀၀၀၀ တို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်၊ စာပေပညာရှင်များအတွက် ပံ့ပိုးကူညီမှုများကို နှစ်စဉ်ဆက်လက်လှူဒါန်းပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ဆောင်ရွက်နိုင်ရန် အတွက်လည်း ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

ထို့နောက် ဦးမောင်မောင်အေး (အလက်ာဝတ်ရည်)က ငွေကျပ်သိန်း ၅၀၊ FAMILY ENTERTAINMENT က ငွေကျပ်သိန်း ၂၀၊ ဦးကိုကိုထွေး တော်ဝင်မိသားစုက ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် SKY NET DTH ရုပ်သံဖမ်းစက်၊ ဂြိုဟ်တုစလောင်းနှင့် တစ်နှစ်စာအခမဲ့ ကြည့်ရှုခွင့်ကတ်များအား သက်ကြီးဂီတပညာရှင်တစ်ဦးလျှင် တစ်စုံနှုန်းဖြင့် ၄၃ စုံတို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် သုံးသိန်း ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့က ငွေကျပ်တစ်သိန်းစီ၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက် SKY NET က ငွေကျပ်သိန်း ၃၀၊ Forever Group Co.Ltd.က ငွေကျပ်သိန်း ၂၀၊ ဦးဝင်းသိန်း-အေဝမ်းတင်တင်လှနှင့် ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီလီမိတက်) တို့က ငွေကျပ် ၁၁ သိန်းစီ၊ ပုဂံ FM ၊ ပတ္တမြားFM၊ ချယ်ရီFM၊ မန္တလေးFM ၊ ပဉ္စဝတီFM၊ရွှေ FMနှင့် မြန်မာဝေါလ်ဒီ ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၁၀ သိန်းစီ တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဦးကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ BTL Co., Ltd. က ငွေကျပ် ၈၁၀၀၀၀၊ အဆိုတော်ဖြူသီ (လူပျံတော်ပတ္တမြား)က ငွေကျပ် ခြောက်သိန်း၊ TMW Enterprise Co.,Ltd.၊ SHWE SUPER LIGHT Co., Ltd.၊ အဆိုတော်မေခလာ၊ မဟာနန်းအဆင့်မြင့်စားသောက်ဆိုင်လုပ်ငန်း (မလေးရှား) တို့က ငွေကျပ်ငါးသိန်းစီ အပါအဝင် အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသောအလှူငွေများကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယနေ့အခမ်းအနားတွင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၄၆၈၀၅၀၀၀ ဖြစ်သည်။

ထို့ပြင် ယနေ့ အခမ်းအနားတွင် စိန်ဘယက်ဆေးတိုက်က ငွေကျပ် ၆၄၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းလေးမျိုးနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်က သက်ကြီးဂီတပညာရှင် ၄၃ ဦးအား ငွေကျပ် ၆၁၀၆၀၀၀ တန်ဖိုးရှိ SKY NET DTH ရုပ်မြင်သံကြားစက်နှင့် တစ်နှစ်စာ အခမဲ့ကြည့်ရှုခွင့်ကတ်များကို လှူဒါန်းခဲ့သဖြင့် လှူဒါန်းပစ္စည်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၆၁၇၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က သက်ကြီး ဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ အလှူရှင်များ၊ ဂီတပညာရှင်များ၊ အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

❖လူတိုင်းသက်တမ်းစေ့မှ

ဘီပိုးကာကွယ်ဆေးဆိုတာ နိုင်ငံခြားသွားတဲ့သူတွေထိုးတာ မဟုတ်ဘူးလား" ဟု ဖြေလိုက်ရာ အဖြေကို ဘဝင်မကျသည့် သူငယ်ချင်းက "ဘီပိုး ကာကွယ်ဆေးထိုးတယ်ဆိုတာ ငါတို့ခန္ဓာကိုယ်မှာ မရှိမဖြစ်အရေးကြီးတဲ့ အသည်းကို အမြဲကျန်းမာနေအောင် ကာကွယ်ထားတာပဲကွ၊ အသည်းဆိုတာ ငါတို့ စားသောက်လိုက်တဲ့ အစားအစာ၊ ရေ၊ ဆေးဝါး၊ ရှူရှိုက်လိုက်တဲ့အငွေ့မျိုးစုံ၊ သွေးပြန်ကြော၊ ကြွက်သားတို့က ထိုးသွင်းလိုက်တဲ့ ဆေးဝါးတွေ၊ သွေးတွေ၊ မူးယစ်ဆေးဝါးတွေ၊ နောက် ဓားရှတာ၊ သံစူးတာ၊ အကောင်ကိုက်ခံရတာကအစ ပြင်ပပစ္စည်းအားလုံးဟာ သွေးလှည့်ပတ်မှုကတစ်ဆင့် အသည်းကို ပထမဆုံးရောက်ရှိတယ်၊ အဲဒီရောက်တဲ့ပစ္စည်းအားလုံးဟာ လူ့ကိုယ်ခန္ဓာနဲ့ မတည့်တဲ့၊ ဘေးဥပဒ်ဖြစ်စေတဲ့ အဆိပ်အတောက်တွေကို အသည်းကပယ်ဖျက်ပေးတယ်၊ ဆေးလိပ်မှာ ပါဝင်တဲ့ နီကိုတင်း၊ ကော်ဖီမှာ ပါဝင်တဲ့ ကဖိန်း၊ အရက်မှာ ပါဝင်တဲ့ အယ်လ်ကိုဟော၊ နေ့စဉ်စားသုံးတဲ့ ဆေးဝါးတွေရဲ့ အဆိပ်အတောက်တွေကို အသည်းက ရှင်းပေးနေတဲ့အတွက် ငါတို့တွေ နှလုံးအဆိပ်သင့် မသေဆုံးကြတာဖြစ်တယ်" ဟု အသည်းအကြောင်းကို ဆရာဝန်တစ်ဦးပြီပြီ ဟန်ပါပါဖြင့် ကျွန်တော့်အား ရှင်းပြသည်။

"ကဲ-သူငယ်ချင်း. . . ပြီးမှ အသည်းအကြောင်းကို ဆက်ပြောတော့။ အဲဒီ ဘီပိုးကာကွယ်ဆေးဆိုတာကို ဘယ်မှာ သွားထိုးရမှာလဲ" ကျွန်တော်က စကားကို ဖြတ်မေးလိုက်သည်။ "မင်းတက်ခဲ့တဲ့ ဒဂုံ(၂)ကျောင်းနဲ့ မနီးမဝေးမှာလေ၊ မင်းသိမှာပါ" ဟု ဆိုလိုက်ချိန်တွင် ကာကွယ်ဆေးနှင့် ရောဂါရှာဖွေရေးဆေးခန်း ဆိုင်းဘုတ်တင်ထားသည့် ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)မှာ ဖွင့်ထားတဲ့ ဆေးခန်းလေးကို မျက်လုံးထဲအထင်းသား မြင်မိသည်။"ဟုတ်ပြီ-သူငယ်ချင်း၊ ငါဒီတွေ့ဆုံပွဲပြီးရင် အဲဒီဆေးခန်းကို သွားမယ်" ဟု သူငယ်ချင်းအား စကားမြန်မြန်ပြတ်ရန် ပြောလိုက်သည်။



ကျန်းမာသောပုံမှန်အသည်း

မနက်ပိုင်း တွေ့ဆုံပွဲအပြီးတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းတွင် ဖွင့်လှစ်ထားသော ဘီပိုးကာကွယ်ဆေးထိုးပေးသည့် ဆေးခန်းသို့ အရောက်သွားခဲ့သည်။ ဘီပိုးကာကွယ်ဆေးထိုးရခြင်း အကြောင်းကို သိချင်စိတ်ဖြင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ တာဝန်ရှိသူ ညွှန်ကြားရေးမှူးအား တွေ့ဆုံမေးမြန်းခဲ့သည်။

ဆရာ"ဘီပိုးလို့ခေါ်တဲ့ အသည်းရောင်အသားဝါ(ဘီ) ဗိုင်းရပ်စ်ပိုး အကြောင်း" ပြောပြပေးပါဟုဆိုရာ "ဘီပိုးလို့ အများသိကြတဲ့ အသည်းရောင်အသားဝါ(ဘီ)ဗိုင်းရပ်စ်ပိုးဟာ အသည်းရဲ့ကလာပ်စည်းများကို သွယ်ဝိုက်၍ ဖျက်ဆီးနိုင်သကဲ့သို့ ခန္ဓာကိုယ်ကလည်း အဲဒီရောဂါပိုး ဝင်ရောက်ပျံ့နှံ့နေသော အသည်းကလာပ်စည်းများကို တိုက်ခိုက်ဖျက်ဆီးပစ်တယ်၊ အသည်းရောင်မှုကြောင့် အသည်းဆဲလ်များ ပျက်စီးပြီး အသည်းရွတ်နာလို့ ခေါ်ကြတဲ့ အမာရွတ်အမျှင်များ၊ အမျှင်ထူအဖုလုံးလေးတွေ ဖြစ်လာမယ်၊ နောက်တော့ အသည်းကရှုံ့သွားပြီး အသည်းခြောက်လာမယ်၊ လက္ခဏာတွေက ခန္ဓာကိုယ် ပွရောင်လာမယ်၊ ရေဖျဉ်းဆွဲမယ်၊ ခန္ဓာကိုယ်အပေါ်ပိုင်း သွေးကြောတွေ ပင့်ကူသဏ္ဌာန်ဖြစ်လာမယ်၊ မောပန်းလာမယ်၊ အစားအသောက်ပျက်လာမယ် စတာတွေ ဖြစ်လာမယ်၊ ဆက်ပြီး အသည်းမှာ အရွတ်တွေတိုးလာမယ်ဆိုရင်တော့ အသည်းတွင်း သွေးဖိအားတိုးလာပြီး အသည်းရဲ့လုပ်ငန်းအားလုံး ပျက်စီးကာ သေဆုံးတဲ့အထိ ဖြစ်နိုင်တယ်၊ တစ်ချို့ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိက အသည်းကင်ဆာရောဂါကို ပြောင်းလဲသွားတာ တွေ့ရတယ်"ဟု ရှင်းပြသည်။

"ဘီပိုးကာကွယ်ဆေးကို ဘယ်သူတွေထိုးသင့်ပါသလဲ" မေးမြန်းမှုကို "အသည်းရောင်အသားဝါ(ဘီ)ရောဂါဟာ ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး ကူးစက်နိုင်တဲ့အတွက် မွေးစမှစ၍ အသက်အရွယ်ကြီးရင့်သူများအထိ ကာကွယ်ဆေးထိုးထားသင့်တယ်၊ ကာကွယ်ဆေးထိုးထားတဲ့အတွက် အရက်ကြောင့်ဖြစ်တဲ့ အသည်းရောဂါရှိသူတွေ၊ ဗိုင်းရပ်စ်ပိုးနဲ့ အခြား ပိုးတွေကြောင့်ဖြစ်တဲ့ အသည်းရောဂါရှိသူတွေနဲ့ အလုပ်အတူတူလုပ်ရာ၌လည်း ရောဂါပိုးကူးစက်မခံရတော့ ကျန်းမာစွာနဲ့ ဘဝသက်တမ်းစေ့နေရပြီး လူမှုဘဝသုခတွေ အပြည့်အဝခံစားရနိုင်တာပေါ့၊ ဒီရောဂါနဲ့ ဒီရောဂါရဲ့ နောက်ဆက်တွဲများကြောင့် ကမ္ဘာပေါ်မှာ လူပေါင်းများစွာ နှစ်စဉ်သေဆုံးနေကြရတယ်"ဟု ပြောပြသည်။

အသည်းရောင်အသားဝါ(ဘီ)ရောဂါဟာ မသန့်ရှင်းသော ဆေးထိုးအပ်နဲ့ ဆေးထိုးပြွန်မှလည်းကောင်း၊ မသန့်ရှင်းသောသွေးသွင်းမိရာမှလည်းကောင်း၊ မသန့်ရှင်းသော သွားစိုက်သွားနှုတ်ကိရိယာများ၊ ခွဲစိတ်ကိရိယာများမှလည်းကောင်း၊ ဖိုမဆက်ဆံရာမှလည်းကောင်း၊ လိင်တူဆက်ဆံရာမှလည်းကောင်း၊ မိခင်မှကလေးသို့ လည်းကောင်း အစရှိသည့် အသွင်မျိုးစုံဖြင့် ကူးစက်နိုင်ပုံကို တာဝန်ရှိသူညွှန်ကြားရေးမှူးက ရှင်းပြသည်။

အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေးကို ၁၉၉၆ ခုနှစ်တွင် သွေးရည်ကြည်မှတစ်ဆင့် ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)က အောင်မြင်စွာ စတင်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)မှ ထုတ်လုပ်သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးကို ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)၌ ဖွင့်လှစ်ထားသော ဘီပိုးကာကွယ်ဆေး ထိုးပေးသည့် ဆေးခန်း၌သာ ထိုးပေးကြောင်းကိုလည်း သိရသည်။

ဤသို့ဆိုလျှင် အသည်းရောင်အသားဝါ(ဘီ) ဗိုင်းရပ်စ်ပိုးရောဂါနှင့် ပတ်သက်၍ ဆိုးကျိုးများ၊ ကူးစက်ပုံများ၊ ကာကွယ်ကုသနိုင်သည့်နည်းလမ်းများကို ပြည်သူများအနေဖြင့် သိရှိသဘောပေါက် နားလည်နိုင်ပြီဖြစ်သည့်အတွက် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ စရိတ်မျှပေး ကာကွယ်ဆေးနှင့် ရောဂါရှာဖွေရေးဆေးခန်းသို့ သွားရောက်က "အသက်ရှည် ကျန်းမာရေး အသည်းကိုဂရုစိုက်ပေး" ဆောင်ပုဒ်နှင့်အညီ အသည်းရောင်အသားဝါ(ဘီ) ရောဂါမဖြစ်ပွားအောင် အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေးအား မနှေးအမြန် သွားရောက်ထိုးသင့်ပါကြောင်း သတင်းကောင်းပါး ရေးသားရပါသည်။ ။

ပျက်စီးနေသောအသည်း

☆ ကျော်ဖုံးမှ

ကိုရီးယားနိုင်ငံကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်နိုင်မှုဟာ ကိုးရီးယား ခါနန်ကျောင်းရဲ့ လှုပ်ရှားမှုက အရေးပါတဲ့အခန်းကပါခဲ့ပါတယ်၊ မြန်မာနိုင်ငံမှာလည်း အဲဒီလိုပဲ ဖွံ့ဖြိုးတိုးတက်အောင် မြန်မာ-ခါနန်လှုပ်ရှားမှုကို ကမ္ဘာ့ခါနန်လယ်သမားများ၏ ဌာနချုပ် (WCM) နဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (စိုက်/မွေး)နဲ့ သဘောတူလုပ်ကိုင်ဖို့ ၁၈-၇-၂၀၀၀ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြီးတော့ ၁၁-၉-၂၀၀၁ ရက်မှာ သင်တန်းကျောင်းကို အုတ်မြစ်ချ၊ ၂၇-၁-၂၀၀၃ ရက်မှာပထမဦးဆုံး အကြိမ်သင်တန်းဖွင့်နိုင်ခဲ့တယ်။ ခုဆိုသင်တန်း (၅/၂၀၁၀) အထိ ရှိခဲ့တာဆိုတော့ စုစုပေါင်းသင်တန်း (၃၅)ကြိမ် သင်တန်းဆင်း ၁၀၄၀ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟူ၍ ပြောကြားခဲ့သည်။

ဤသင်တန်း ကျောင်းအုပ်မှာ ကိုးရီးယားနိုင်ငံသားဖြစ်ပြီး မြန်မာနည်းပြများနှင့် ပူးပေါင်းသင်ကြားကြကြောင်း သိရသည်။

သင်ကြားပေးသော ဘာသာရပ်များမှာ လယ်ယာသီးနှံ၊ စိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ဂုန်လျှော်၊ ကြံ၊ ပိုးချည်အတွက် ပိုးမွေးမြူရေး၊ လက်ဖက်၊ ကော်ဖီ၊ သစ်ခွ စိုက်ပျိုးရေးဘာသာရပ်များ၊ ထို့နောက် မြေအသုံးချမှု၊ ရေအသုံးချမှု နည်းပညာများ၊ စိုက်သိမ်းချိန်လွန်နည်းပညာများ၊ စက်မှုလယ်ယာ၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုနည်းပညာ၊ အသုံးချကွန်ပျူတာ၊ ထို့ပြင် ခါနန်ပညာရေးမည်သော (အလုပ်လုပ်ဆောင်ခြင်း တာဝန်ခံထမ်းဆောင်ခြင်း၊အနစ်နာခံဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း) ဘာသာရပ်များကိုပါ သင်ကြားရကြောင်းသိရသည်။

ထိုထက်မက သင်တန်းဆင်းများသည် မိမိတို့ မှတ်သားသင်ယူတတ်သိခဲ့သည်များကို ဌာနေပြန်ရောက်သောအခါများတွင် အခြားသော ဘဝတူများသို့ လက်ဆင့်ပေးဝေ ပြန့်ပွားကြရမည်ဖြစ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် မိမိတို့အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကော်ဖီစက်ရုံ(ရွှေခြင်္သေ့ကော်ဖီစက်ရုံ)တွင် လေ့လာခွင့်ရရှိကြသည်။ဒေသထွက်ကော်ဖီမှုန့်စစ်စစ်များဖြင့် ပျော်လွယ်ကော်ဖီမစ်ထုပ်များ ထုတ်လုပ်နေမှုကို စက်ရုံတာဝန်ခံ ဦးကျော်သူရိန်(ဒုအထွေထွေမန်နေဂျာ)က လက်တွေ့ရှင်းလင်းပြောပြသည်။

မိုးထက်ကော်ဖီခြံမှ ခြံတာဝန်ခံ ဦးကျော်ဝင်းကလည်း နောင်ချိုမြို့နယ် သရက်ကုန်းဒေသရှိ အမြင့်ပေ ၃၈၀၀/၄၀၀၀တွင် စိုက်ပျိုးအောင်မြင်နေသော ကုန်းမြင့် ကော်ဖီမျိုးများ၊ အရိပ်ရပင်ကြို့တင်စိုက်ပျိုးထားရှိမှု၊ ဆီးနှင်းခါးမှ ကာကွယ်ထားမှုများကို မိမိတို့လေ့လာရေးအဖွဲ့ကို ရှင်းလင်းပြောကြားသည်။

ပြင်ဦးလွင်ဒေသထွက် ကော်ဖီမှုန့်များကို နိုင်ငံခြားတိုင်းပြည်များက နှစ်သက်စွာ မှာယူနေမှု အခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသဖြင့် ဝယ်လိုအားကို ပြည့်မီစေရန် စိုက်ဧကကို တိုးချဲ့နေရကြောင်း သိရသည်။

ကမ္ဘာ့ကော်ဖီဈေးကွက်တွင် အရည်အသွေးမြင့်သော ကော်ဖီမှုန့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ အထက် ဈေးရှိနေပြီး ဒေသဈေးကွက်၌လည်း အသီးမှည့်မှာ ပြင်ဦးလွင်နှင့် နောင်ချိုဒေသများတွင် တစ်ပြည်(နှစ်ကီလိုခန့်)ကို ၅၀ဝိ/- ၆၀ဝိ/-ကျပ်ဈေးထိ ဈေးကောင်းရနေသည်။ နယ်စပ်ဒေသတွင်လည်း တစ်ကီလိုယွမ်(၃၀)ခန့် ဈေးပေါက်နေသည့်အတွက် စီးပွားဖြစ်ဝင်ငွေတိုး စိုက်ပျိုးကြရေး တိုက်တွန်းကြရမည်ဖြစ်သည်။ လိုအပ်သော နည်းပညာ၊ စိုက်နည်းစနစ်များသာမက မျိုးသန့်ရရှိရေးပါမကျန် နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီ ရယူနိုင်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်တိုင်ပြောကြားခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံ တစ်နံ့တစ်လျားရှိ တောင်သူလယ်သမား၊ စိုက်ပျိုးရေး ဥယျာဉ်ခြံမြေလုပ်ငန်းရှင်များ ကြီးပွားတိုးတက်စေသော သိပ္ပံနည်းစိုက်ပျိုးရေးနည်းလမ်းကောင်းများ မကြာသောကာလများတွင် ရောက်ရှိလာတော့မည်ဖြစ်သည်။ ဤသို့သော အခြေအနေများဖြစ်ပေါ်လာရန် မိမိတို့ ယနေ့လေ့လာစေ့ငုခဲ့ကြရသည့် မြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံCanaan Farmer School တို့၏ပူးပေါင်းစီစဉ်မှုမှ ထွက်ပေါ်လာသော အသီးအပွင့်များ ဒေသခံတောင်သူများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများဖြစ်ပါသည်။ ။

တတိယအကြိမ် ဒင်္ဂုံရွှေအောင်လံ ပထမအဆင့် ပွဲစဉ်များပြီးစီး စောငမန်းနှင့် စိုးလင်းဦးတို့ အောင်လံတန်းအလိုက် ဗိုလ်လုပွဲတက်ရောက်

သတင်းနှင့် ဓာတ်ပုံ
ဇင်လင်းထွန်း(နေဖြူ)

ရန်ကုန် ဒီဇင်ဘာ ၂၁

တတိယအကြိမ်မြောက် ဒင်္ဂုံရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီး (၂၀၁၁)ကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ အလွတ်တန်း ဒင်္ဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်တွင် လက်ရှိ ထပ်ဆင့်အောင်လံဆုရှင် စောငမန်း (Ever Green) က မြနန်းတော် (လင်းယုန်)ကို အမှတ်ဖြင့် အနိုင်ရရှိသွားပြီး အထူးတန်း ဒင်္ဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်တွင် လက်ရှိဒုတိယတန်း ဒင်္ဂုံရွှေအောင်လံဆုရှင် စိုးလင်းဦး(တောင်ကလေး/မျိုးဇာနည်)က အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)ကို အကွဲထိုးအနိုင်ယူသွားသည်။

ပွဲစဉ် (၁) အထူးစိန်ခေါ်ပွဲအဖြစ် ထွန်းဝင်း (တိုက်ဂါး)နှင့် ထစ်ချုံး (မိုးသောက်ကြယ်)တို့ပွဲတွင် သုံးချီမြောက်၌ ထစ်ချုံးက အလဲထိုးပြီးအနိုင်ယူလိုက်သည်။ ရွှေဖလား (မိုးသောက်ကြယ်)နှင့် အုပ်စိုး (တိုက်ဂါး)တို့ပွဲမှာ လေးချီအရောက်တွင် လက်ရည်ချင်းမမျှသဖြင့် ဒိုင်ပွဲရပ်ဖြင့် အုပ်စိုး အနိုင်ရသွားသည်။

ပွဲစဉ်(၃) မှစ၍ ဒုတိယတန်း ဒင်္ဂုံရွှေအောင်လံပွဲအဖြစ် မင်းထက်ကျော် (တိုက်ဂါး)နှင့် ဝင်းတင်(ရွှေကုက္ကို)တို့ပွဲမှာ သုံးချီအရောက်တွင် ဝင်းတင်က အလဲထိုးပြီး အနိုင်ရသွားသည်။ စောအုန်းမြင့် (မြို့တော်စည်ပင်)နှင့် သပြေညို (ဘီလပ်မြေစက်ရုံ)တို့မှာ အကြိတ်အနယ် ထိုးသတ်ပြီး သရေကျနေသောကြောင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒိုင် ငါးဦးစလုံးက စောအုန်းမြင့်ကို အနိုင်ပေးလိုက်သည်။ စိုးမိုးဟိန်း (မျိုးဆက်သစ်)နှင့် ဒေါင်းသည်းချေ (ကျားမင်း)တို့ပွဲတွင် စိုးမိုးဟိန်းက သုံးချီအရောက်တွင် အလဲထိုးနိုင်လိုက်သည်။ သားသား(T & T)နှင့် သတ္တိအောင် (တောင်ကလေး)တို့မှာ ငါးချီအထိ အဖြေမပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒိုင် ငါးဦးစလုံးက သတ္တိအောင်ကို အနိုင်ပေးလိုက်သည်။

ပွဲစဉ်(၇) အထူးဒင်္ဂုံအောင်လံပွဲအဖြစ် စိုးလင်းဦး(တောင်ကလေး)နှင့် အောင်ဇေယျ(ဘီလပ်မြေစက်ရုံ)တို့ ထိုးသတ်ရာ စိုးလင်းဦး အနိုင်ရသွားသည်။ နောက်ဆုံးပွဲစဉ်အဖြစ် အလွတ်တန်း ဒင်္ဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်ကို မြနန်းတော် (လင်းယုန်)နှင့် စောငမန်း(Ever Green) တို့ ထိုးသတ်ရာ ပွဲချိစေ့သည့်အခါ အမှတ်ပေးဒိုင် ငါးဦးစလုံးက စောငမန်းကို အနိုင်ပေးလိုက်သည်။

ဒီဇင်ဘာ ၂၆ ရက်တွင် အလွတ်တန်း ဆီမီးဖိုင်နယ် ယှဉ်ပြိုင်ကြမည့် ဖိုးကေနှင့် လုံးချောတို့ တွဲဆိုင်းမှ အနိုင်ရသူနှင့် စောငမန်း အောင်လံလုရမည်ဖြစ်သည်။ စိုးလင်းဦးကလည်း ဒေါနအောင်နှင့် လုံးချောလေးတို့ တွဲဆိုင်းမှ အနိုင်ရသူနှင့် အောင်လံလုရမည် ဖြစ်သည်။

မြနန်းတော်က ဘယ်ထောက်၊ စောငမန်းက ညာဝင်ဘယ်လက်သီးဖြင့် ယှဉ်ပြိုင်နေစဉ်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် အသင်းကို လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း၌ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၉ရက်နေ့တွင် ဦးအောင်အောင်သည် ကစားဖော်များဖြစ်ကြသော ဦးသောင်းထွန်း၊ ဦးအောင်နိုင်၊ ဦးအိုက်ရီ၊ ဦးသိန်းဝင်းတို့နှင့်အတူ ဟံသာဝတီဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)၌ ကိုက် ၁၄၀ အကွာမှ SRIXON Soft Feel(1) ဘောလုံးအား Majesty Marumam Iron 7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

နိုင် ငံ တ ကာ အား က စား သ တင်း

အာဖရိက၏ တစ်နှစ်တာအကောင်းဆုံးဆု အီတူးရရှိ

မီလန် ဒီဇင်ဘာ ၂၁

အာဖရိက ဘောလုံးအဖွဲ့ချုပ် (CAF)က ချီးမြှင့်သည့် အာဖရိက၏ ၂၀၁၀ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို အင်တာမီလန်အသင်းမှ ကင်မရွန်းနိုင်ငံသား ဆင်မြူရယ်အီတူးက ရရှိသွားသည်။

အသက်(၂၉)နှစ်ရှိ အီတူးသည် ကလပ်အတွက်သာမက နိုင်ငံအသင်းအတွက်ပါ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ အီတူးသည် ယခုဆုရရှိရေးအတွက် ချယ်လ်ဆီးအသင်းမှ အိုင်ဗရီကို့စ် နိုင်ငံသား ဒရော့ဘာ၊ ဆန်းဒါးလန်းအသင်းမှ ဂါနာနိုင်ငံသား အဆာမိုဂျန်တို့နှင့် အဓိကယှဉ်ပြိုင်ခဲ့ရသည်။

အီတူးသည် အာဖရိက အကောင်းဆုံးကစားသမားဆုကို ၂၀၀၃၊ ၂၀၀၄ နှင့် ၂၀၀၅ ခုနှစ်တို့တွင် ရရှိခဲ့ဖူးခြင်းကြောင့် ယခုနှစ်နှင့်ဆိုလျှင် လေးကြိမ်ရသည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့သည်။ ဘီဘီစီ၏ ၂၀၁၀ ခုနှစ် အာဖရိက အကောင်းဆုံးဆုရ အဆာမိုဂျန်မှာ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဤဆုကို CAF အဖွဲ့ဝင် ၅၃ နိုင်ငံမှ နည်းပြ(သို့မဟုတ်) နည်းစနစ်ဒါရိုက်တာများက မဲပေးရွေးချယ်ခြင်းဖြစ်သည်။

အင်တာနက်။

အာဖရိကအကောင်းဆုံးအားကစားသမားဆုရ ဆင်မြူရယ်အီတူး။

မန်စီးတီးမှ ထွက်ခွာခွင့်တောင်းထားခြင်းကို တီဗက်ဇ်ပြန်လည်ရုပ်သိမ်း

လန်ဒန် ဒီဇင်ဘာ ၂၁

မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်သည် မိသားစုပြဿနာကြောင့် အသင်းမှ ထွက်ခွာခွင့်ပေးပါရန် တောင်းဆိုထားရာမှ ယခုအခါ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း သိရသည်။

တီဗက်ဇ်အနေဖြင့် မန်စီးတီးတွင် ဆက်လက်ရှိနေမည်ကို နည်းပြ မန်စီနီကလည်း လှိုက်လှဲဝမ်းသာလျက်ရှိနေသည်။ အင်္ဂါနေ့နံနက်ပိုင်းက အဲဗာတန်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် တီဗက်ဇ်သည် ပွဲချိန်ပြည့်ပါဝင်ကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။

အင်တာနက်။

မန်စီးတီးတွင်သာ ဆက်လက်ရှိနေတော့မည့် တီဗက်ဇ်။

ဝင်းတင်(ကြေးမုံ)

ဘူလ်ဂေးရီးယား တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ဘာဘာတော့ဗ်ရရှိ

လန်ဒန် ဒီဇင်ဘာ ၂၁

မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်**(အပေါ်ပုံ)** ကို ဘူလ်ဂေးရီးယား၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဘာဘာတော့ဗ် အတွက် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ၂၀၀၂၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉ ခုနှစ်များမှာ ဆွတ်ခူးခဲ့ပြီး ယခုနှစ်အပါအဝင် ခုနစ်ကြိမ်မြောက် ရရှိခဲ့ပြီးဖြစ်သည်။

အင်တာနက်။

ကော်ရက်ဂျာကို နည်းပြအဖြစ် ဆက်ထားမည်ဟု မာရေးအတည်ပြု

လန်ဒန် ဒီဇင်ဘာ ၂၁

ဗြိတိန် နံပါတ်တစ် တင်းနစ်သမား အင်ဒီမာရေးက ၂၀၁၁ ရာသီအဖွင့်တွင် သူ၏ လက်ရှိနည်းပြ အဲလက်စ်ကော်ရက်ဂျာအား ဆက်လက်ခန့်အပ်မည်ဟု အတည်ပြုလိုက်သည်။

မိုင်းစ်မက်လဂ်ဂျန်အား ဇူလိုင်လတွင် ထုတ်ပယ်ပြီးနောက် နည်းပြအဖြစ်ခန့်အပ်ခံခဲ့ရသော စပိန်လူမျိုး ကော်ရက်ဂျာသည် ယခုအချိန်ထိ မာရေး၏ အချိန်ပိုင်းနည်းပြအဖြစ်သာ ဆောင်ရွက်နေရသူဖြစ်သည်။

မာရေးသည် ၂၀၁၀ နွေရာသီပိုင်းတွင် အချိန်ပြည့်နည်းပြခန့်အပ်ရန်အတွက် အလောတကြီး မဆောင်ရွက်ခဲ့ဘဲ အချိန်ယူစဉ်းစားခဲ့သလို ယခုလည်း ထိုအတိုင်း ဆက်သွားမည်ဖြစ်သည်။

အသက် (၂၃)နှစ်အရွယ် မာရေးသည် ဘာစီလိုနာရှိ ဆန်းချက်ဇ်-ကေစယ် တင်းနစ်အကယ်ဒမီမှ ခေါ်ယူထားသော သူ၏ နှစ်ယောက်တွဲကစားဖက် ဒန်နီဗယ်ဗာဒူကိုလည်း ထုတ်ပယ်ဦးမည်မဟုတ်ကြောင်း သိရသည်။

"မာရေးဟာ သူ့ရဲ့အဲလက်စ် ကော်ရက်ဂျာနဲ့ ဒန်နီဗယ်ဗာဒူတို့ပါဝင်တဲ့ လက်ရှိနည်းပြအဖွဲ့ကို နောက်နှစ် ပထမရာသီဝက်ထိ ဆက်လက်လက်တွဲမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချဖို့ သူ့ရဲ့အလုပ်များလှတဲ့ ရာသီကြို ကြံ့ခိုင်ရေးလေ့ကျင့်ခန်းကနေ အချိန်ဖဲ့ယူခဲ့ပါတယ်"ဟု မာရေး၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

"သူတို့ဟာ ၂၀၁၀ ခုနှစ် အစောပိုင်းပြိုင်ပွဲများအတွက် စီမံရင်း အလုပ်များနေကြပြီး ပြိုင်ပွဲတိုင်း အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် အာရုံစိုက်ထားကြသည်" ဟု ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မာရေးသည် လက်ရှိအချိန်တွင် စပိန်လူမျိုး ကော်ရက်ဂျာ၊ ဗင်နီဇွဲလားလူမျိုး ဗယ်ဗာဒူတို့နှင့်အတူ မီယာမီတွင် ရာသီကြို လေ့ကျင့်ခန်းများ ပြုလုပ်နေသည်။

ရာသီအဖွင့် ဩစတြေးလျ အိုးပင်းပွဲအတွက် လက်သွေးသည့်အနေဖြင့် ဇန်နဝါရီလအတွင်း ဟော့ဖန်ဖလားပွဲတွင် ပြိုင်ဘက်လော်ရာရော့ဘ်ဆင်းနှင့် ယမန်နှစ်ကကဲ့သို့ပင် ယှဉ်ပြိုင်ကစားဦးမည်ဖြစ်သည်။

အင်တာနက်။

လူကာမော့ဒရစ် ချယ်လ်ဆီး၏ အဓိကပစ်မှတ်ဖြစ်လာ

လန်ဒန် ဒီဇင်ဘာ ၂၁

ပရီမီယာလိဂ်တွင် ရလဒ်များဆိုးရွားနေသည့် ချယ်လ်ဆီးအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့တွင် ဝယ်ယူရန် အဓိကပစ်မှတ်ထားလာသည့် ကစားသမားမှာ စပါးအသင်း၏ကွင်းလယ်ကစားသမား လူကာမော့ဒရစ်ဖြစ်လာပြီဟု သိရသည်။

ချယ်လ်ဆီးနည်းပြအန်ဆန်လော့တီက လူကာမော့ဒရစ်ကို ပေါင် ၁၇ သန်းပေး၍ ခေါ်ယူမည်ဟုဆိုသော်လည်း စပါးအသင်းကမူ ပေါင် ၂၅ သန်း သတ်မှတ်ထားသည်ဟုဆိုသည်။ သို့သော် အန်ဆန်လော့တီ၏ ကြိုးပမ်းမှုမှာ အောင်မြင်မည်လားဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အင်တာနက်။

ချယ်လ်ဆီးအသင်းက ခေါ်ယူရန်အဓိကပစ်မှတ်ထားလာသည့် လူကာမော့ဒရစ်။

ဖာဘရီဂက်စ်နှင့် တောရက်စ်တို့အားခေါ်ယူရန် ဘာစီလိုနာအသင်း ယူရိုသန်း ၁၀၀ သုံးစွဲမည်

ဘာစီလိုနာ ဒီဇင်ဘာ ၂၁

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်နှင့် လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်တို့ကို ခေါ်ယူရေးအတွက် ယူရိုသန်း ၁၀၀ အထိ အသုံးပြုသွားမည်ဟု ဆိုသည်။

အဆိုပါ စပိန်နိုင်ငံသား ကစားသမားနှစ်ဦးထဲမှ အာဆင်နယ်ကစားသမား ဖာဘရီဂက်စ်မှာ ဘာစီလိုနာအသင်း၏ ငယ်မွေးချုံပေါက်ဖြစ်သည်။ ဘာစီလိုနာအသင်းသည် ဖာဘရီဂက်စ်အား ပထမအကြိမ် ကမ်းလှမ်းခဲ့ဖူးပြီး ယခုဒုတိယအကြိမ် ထပ်မံကမ်းလှမ်းမည်ဖြစ်သည်။ လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်မှာလည်း အသင်း၏ အကျပ်အတည်းကြောင့် ပြောင်းရွှေ့ဖွယ်ရှိနေသည်။

အင်တာနက်။

အင်္ဂလန်အသင်း၌ ပြန်လည်ကစားခွင့်ရစေရန် ဥရောပသို့ ပြောင်းရွှေ့ဖို့ ဒေးဗစ်ဘက်ခမ်းကြိုးပမ်း

အင်္ဂလန် ဒီဇင်ဘာ ၂၁

အင်္ဂလန် အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်း၌ ပြန်လည်ကစားခွင့်ရစေရန် အလို့ငှာ ဥရောပ၌ အငှားစာချုပ်ဖြင့် ကစားရန် ကြိုးပမ်းနေကြောင်း ဝန်ခံပြောကြားခဲ့သည်။

အသက် (၃၅)နှစ်ရှိပြီဖြစ်သော ဘက်ခမ်းသည် သူ၏မိခင်အသင်း အယ်လ်အေဂလက်ဆီအသင်းမှတစ်ဆင့် အေစီမီလန်တွင် အငှားစာချုပ်ဖြင့် ပြီးခဲ့သည့်ဆောင်းရာသီနှစ်ခုကြာ ကစားဖြစ်ခဲ့သည်။ သို့ရာတွင် သူ၏ တတိယအကြိမ် အီတလီသို့ပြောင်းရွှေ့မှုမှာ ဖြစ်ပေါ်လာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပရီမီယာလိဂ် အသင်းများက မန်ယူကစားသမားဟောင်း ဘက်ခမ်းအား စာချုပ်ချုပ်ဆိုရန် စိတ်ဝင်တစားမေးတိုင်း သူ၏ ယခင် မိခင်အသင်းဟောင်းမဟုတ်လျှင် အင်္ဂလန်သို့ ပြန်လာမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

"အေစီမီလန်အသင်းကို ပြန်မသွားတော့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလောက်အချိန်အတောအတွင်းမှာ အချိန်ဇယားအတိုင်းသွားဖို့ ဖြစ်မှာမဟုတ်တော့ပါဘူး"ဟု ဘီဘီစီမှ ချီးမြှင့်သော တစ်သက်တာဘောလုံးသမားဆုကို လက်ခံရရှိအပြီး ဘက်ခမ်းက ပြောကြားခဲ့သည်။

"ဒါပေမယ့် အင်္ဂလန်အသင်းမှာ ပြန်လည်ကစားဖို့ အခွင့်အရေးရရှိမယ့် တစ်နေရာကိုတော့ သွားမှာပါ" ဟု ဘက်ခမ်းက ထပ်လောင်းပြောကြားခဲ့သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒေသခံ တောင်သူတို့ ဝင်ငွေတိုး စီးပွားဖြစ်စေမည့် အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီပင်များ၏ မြင်ကွင်းကို ဤသို့ အားရစဖွယ် တွေ့မြင်ရစဉ်။

တောင်သူလယ်သမားဥယျာဉ်ခြံမြေလုပ်ငန်းရှင်များ အားထားရာ

မြန်မာ-ခါနန်သင်တန်းကျောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှ ခြံလုပ်ငန်းရှင်များအား ပြည်နယ်မန်နေဂျာ၏ ဖိတ်ခေါ်မှုအရ စိုက်ပျိုးရေးသင်တန်းဆင်းပွဲသို့ ရောက်ရှိစဉ် ပြင်ဦးလွင်ရှိ ကော်ဖီခြံများအား လေ့လာခွင့်ရရှိခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်အတူ လားရှိုးမှလိုက်ပါလာသော မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ သတင်းအဖွဲ့လည်း လိုက်ပါခဲ့သည်။

ပြင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးတွင်ပါဝင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်ခန့် မြင့်မားသည့်ဒေသဖြစ်ရာ ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းများ အများဆုံးတည်ရှိရာ မြို့ဖြစ်သည်။

ယခု မိမိတို့ တက်ရောက်ခဲ့ရသော သင်တန်းဆင်းပွဲသည် ထူးခြားသောသင်တန်းဆင်းပွဲ ဖြစ်သည်။ သင်တန်းဆင်းပွဲတွင် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(စိုက်/မွေး)ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက "၁၉၆၀ ခုနှစ်လွန် ကာလကစပြီး ကိုရီးယားနိုင်ငံမှာ အလားတူ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကိုအခြေခံပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

ရာမည - သွေးမွန်

၁၃၇၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ဖိတ်စာများ ထုတ်ယူရန် နှိုးဆော်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများသည် ဖိတ်စာများကို ဒီဇင်ဘာ ၂၂ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးတွင် ထုတ်ယူရန်နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

အာဖရိက၏ တစ်နှစ်တာ အကောင်းဆုံးဆု အီတူးရရှိ စာမျက်နှာ - ၁၀

ဥရောပဆောင်းရာသီကြောင့် ခရစ္စမတ်ကာလ လေကြောင်းခရီးစဉ်များနှောင့်နှေး စာမျက်နှာ - ၄